# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက် | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ် (၀၆၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Maxim RESHETNIKOV က လာရောက် ဂါရဝပြုတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး လာရောက်ဂါရဝပြုတွေ့ဆုံ

## ကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Maxim RESHETNIKOV သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။


*စာမျက်နှာ ၃ ကော်လံ ၁*



ယနေ့ *ဖတ်စရာ*

မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုအတွက် လုပ်ငန်းဆောင်ရွက်ပေးနိုင်ခဲ့မှု — စီးပွားရေးသတင်းများ — စာ - ၉

မသန်စွမ်းမဲဆန္ဒရှင်များ၏ ရွေးကောက်မှုအခွင့်အရေးနှင့် ကဏ္ဍစုံတွင် ပါဝင်မှု မြှင့်တင်ရေး — ဆောင်းပါး — စာ - ၁၀

မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာတိုင်းရင်းဆေးပညာအစဉ်အလာနှင့် ဆေးဝါးများကို စာပေအထောက်အထားများအရ လေ့လာတင်ပြခြင်း — ဆောင်းပါး — စာ - ၂၀

မြန်မာ့အလင်း

# မြစ်ရောနှင့် ဖော်လဂါတို့ စီးဆင်းသရွေ့

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဗလာဒီဗော့စတော့ခ်မြို့၌ ကျင်းပသည့် (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်တွင် လက်မှတ်ရေးထိုးခဲ့သော ရုရှား-မြန်မာ နှစ်နိုင်ငံအကြား စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ (Strategy for the Development of Russia–Myanmar Economic Cooperation) ကို အကောင်အထည်ဖော်သည့် တတိယအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးကော်မရှင် အစည်းအဝေးကို နေပြည်တော်၌ကျင်းပခဲ့ရာ နှစ်နိုင်ငံအတွက် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းခဲ့သည်။

ရုရှားအရှေ့ဖျားဒေသကို အာရှနိုင်ငံများ၊ အာရှ-ပစိဖိတ်နိုင်ငံများနှင့် ချိတ်ဆက်ရာ၌ ဗဟိုချက်အဖြစ် အသုံးချ၍ ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမှသည် ကမ္ဘာ့စီးပွားရေးပေါင်းစည်းနိုင်မှုအထိ ဦးတည်ဆောင်ရွက်သွားရန် ရည်ရွယ်ကာ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ အစပြုဆောင်ရွက်လျက်ရှိသည့် ကမ္ဘာ့စီးပွားရေးမဟာဗျူဟာမှာ အရှေ့ဖျားစီးပွားရေးဖိုရမ်ပင်ဖြစ်သည်။ ၂၀၁၅ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပသည့် အဆိုပါဖိုရမ်က ရုရှားအရှေ့ဖျားဒေသနှင့် အာရှ-ပစိဖိတ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းရန် ရည်ရွယ်ခြင်းလည်းဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ပြီးခဲ့သည့် စက်တင်ဘာလ ၇ ရက်နေ့က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့ခ်မြို့၌ ကျင်းပသည့် (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ မျက်နှာစုံညီအစည်းအဝေးသို့ ပါဝင်တက်ရောက်ဆွေးနွေးခဲ့ရာတွင် "မြန်မာနိုင်ငံသည် ရုရှားနိုင်ငံသို့ စိုက်ပျိုးရေးနှင့် ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိသကဲ့သို့ အပြန်အလှန်အားဖြင့် ဓာတ်မြေဩဇာ၊ စက်သုံးဆီနှင့် အခြားသော ရေနံထွက်ကုန်ပစ္စည်းများကို ရုရှားနိုင်ငံမှ တင်သွင်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ယခုထက်ပိုမိုတိုးမြှင့်နိုင်မည်ဆိုပါက မိမိတို့နှစ်နိုင်ငံအတွက် အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာစေမည် ဖြစ်ပါကြောင်း" ပြောကြားခဲ့ပြီး အဆိုပါ ဖိုရမ်သို့ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များအားလည်း မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍ၊ သတ္တုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ စက်သုံးဆီသိုလှောင်ကန်နှင့် အခြားအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ ရော်ဘာအခြေခံစက်မှုကုန်ထုတ်လုပ်မှုကဏ္ဍ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ သတင်းအချက်အလက် နည်းပညာနှင့် ဆက်သွယ်ရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် ဘဏ္ဍာရေးလုပ်ငန်းကဏ္ဍများ၊ အထည်ချုပ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်လည်း ဖိတ်ခေါ်ခဲ့သည်။

လာမည့် ၂၀၂၃ ခုနှစ်သည် ရုရှား- မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေး (၇၅) နှစ် ပြည့်မြောက်သည့်နှစ်ဖြစ်ပြီး ယခု ၂၀၂၂ ခုနှစ်သည် ရုရှား-မြန်မာ ခေါင်းဆောင်များအကြား တွေ့ဆုံဆွေးနွေးမှုများဖြင့် သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့သော နှစ်ဖြစ်သည်။ နှစ်နိုင်ငံအကြား ခရီးတာအားဖြင့် ဝေးကွာသော်ငြားလည်း ရင်းနှီးနွေးထွေးသော မိတ်ကောင်းဆွေမွန်ဆက်ဆံရေးကို မြှင့်တင်ထားနိုင်ပြီဖြစ်သကဲ့သို့ စီးပွားရေးမိတ်ဖက်ကောင်းများအဖြစ် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများမှ နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားများ ဖော်ဆောင်ဖြစ်ထွန်းလာမည်ဖြစ်ရာ မြစ်ရောနှင့် ဖော်လဂါတို့စီးဆင်းသရွေ့ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အစွန့်ရှည် ခိုင်မြဲမည်ဟု ယုံကြည်ပါကြောင်း။ ။

အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား

" အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ စည်းလုံးဆောင်ရွက်ကြပါစို့
UNCAC AT 20 : UNITING THE WORLD AGAINST CORRUPTION"

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်

## ဗုဒ္ဓဆင်းတုတော် (၁၀၈) ဆူနှင့် ထီးတော်မြတ်များ သီပေါမှ ဗုဒ္ဓနွယ်ဝင်များ ကြိုဆိုပူဇော်

**သီပေါ ဒီဇင်ဘာ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ အောင်တော်မူ စေတီတော်မြတ်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူမည့် ဗုဒ္ဓဆင်းတုတော် (၁၀၈) ဆူနှင့် ရွှေထီးတော်များကို မန္တလေးမြို့မှ တန့်ယန်းမြို့သို့ ပင့်ဆောင်လာစဉ် ယနေ့နံနက်ပိုင်းက သီပေါမြို့သို့ ရောက်ရှိကြသည်။



ထို့နောက် လွယ်မုတ်တောင်ရွှေမောင်း သာသနာ့ဝေပုလ္လသီလရှင်စာသင်တိုက်ကြီး၏ ပဓာနနာယကသီလရှင်ဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါ်ဂုဏဝတီ အမှူးပြုသော သီလရှင်ဆရာလေးများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ဘာသာရေးအသင်းအဖွဲ့များက ချမ်းသာစက်သုံးဆီဆိုင်၌ ခရီးဦးကြိုဆို၍ ဆရာတော် သံဃာတော်များ၊ သီလရှင်ဆရာကြီးများကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

စေတီတော်မြတ်ကြီးအား ရည်စူးလျက် ရွှေမောင်းသီလရှင်စာသင်တိုက်ဆရာတပည့်များက အလှူငွေကျပ် တစ်သိန်း၊ ချမ်းသာမိသားစုစက်သုံးဆီဆိုင်က ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းကြပြီး တန့်ယန်းမြို့သို့ ဆက်လက်ပင့်ဆောင်ကြွချီကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ " ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"ပုလောမြို့နယ် ပလမြို့၌ PDF အမည်ခံ အကြမ်းဖက်သမားများက အပြစ်မဲ့ ပြည်သူများအား သေနတ်ပြ ခြိမ်းခြောက်ပြီး ရွှေထည် ပစ္စည်းများအား လုယက်ယူဆောင်ကာ နေအိမ်အား မီးရှို့ဖျက်ဆီးမှု"** ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၇ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"တမူး အကြမ်းဖက်အဖွဲ့၏ လူမြင်ကွင်းတွင် လူမဆန်စွာ သတ်ဖြတ်ခြိမ်းခြောက်မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်း ၀၉- ၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေး အချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။**သတင်းစဉ်**

## ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် အသက်မွေးမှုသင်တန်းများလျှောက်ထားနိုင်

**ရန်ကုန် ဒီဇင်ဘာ ၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း (ရန်ကုန်) တွင် အသက် (၁၈) နှစ်မှ (၄၅) နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် (၃) လ သင်တန်းများဖြစ်သည့် စက်ချုပ်သင်တန်း၊ တံဆိပ်ရိုက်သင်တန်း၊ ဓာတ်ပုံသင်တန်း၊ ဆံသသင်တန်း၊ ကွန်ပျူတာသင်တန်းများကို ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါသင်တန်းများသို့ တက်ရောက်လိုသူများသည် အမှတ် (၆၅)၊ ကျိုက်ဝိုင်း ဘုရားလမ်း၊ လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်းဝင်းအတွင်း၊ မသန်စွမ်းသက်ကြီး သင်တန်းကျောင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း ၀၁-၉၆၆၆၁၇၂၊ ၀၉-၂၅၀၄၀၂၃၉၂ နှင့် ၀၉-၄၂၁၁၁၀၈၆၇ သို့ (ရုံးချိန်အတွင်း) ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ရသူများအား သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း နေထိုင်ရေး၊ စားသောက်ရေးများ စီစဉ်ပေးပြီး သင်ထောက်ကူပစ္စည်းများနှင့် နယ်မှလာရောက်သော သင်တန်းသား/သူများအတွက် ရန်ကုန်မြို့သို့လာသော ခရီးစရိတ်နှင့် အပြန်ခရီးစရိတ်တို့ကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Maxim RESHETNIKOV အား အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

**“ မြန်မာ - ရုရှား နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့် နည်းပညာဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်း ပျံသန်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခြားလိုအပ်သောကိစ္စရပ်များ၊ မြန်မာ - ရုရှား ချစ်ကြည်ရေးအဖွဲ့များအား နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုရှားနိုင်ငံမှ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမည့် အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး ”**

❍ *ရွှေ့ဖုံးမှ*

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Nikolay LISTOPADOV၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ရုရှား နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့် နည်းပညာဆိုင်ရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်း ပျံသန်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခြားလိုအပ်သော ကိစ္စရပ်များ၊ မြန်မာ-ရုရှား ချစ်ကြည်ရေးအဖွဲ့များအား နိုင်ငံအနှံ့ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုရှားနိုင်ငံမှ မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ သံနှင့် သံမဏိ ထုတ်လုပ်ရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် နည်းပညာပိုင်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ပေးမည့် အခြေအနေများ၊ စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာ ဆေးဝါးထုတ်လုပ်ရေးနှင့် ကုသရေးဆိုင်ရာ ကိစ္စရပ်များ၊ တွင်းထွက်ပစ္စည်း ထုတ်လုပ်ခြင်းဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စက်မှုထုတ်ကုန်များ ထုတ်လုပ်ခြင်းတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် အခြားကဏ္ဍပေါင်းစုံတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

## ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၇၇ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်
(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

**ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးသန်းဦးလွင်အား ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၇၈ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ နတ်တော်လဆန်း ၁၃ ရက်
(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်)

**ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်နန်းမေယဉ်အား ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

---

## တနင်္သာရီတိုင်းဒေသကြီး စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရေး ညှိနှိုင်းစည်းဝေး

**ထားဝယ် ဒီဇင်ဘာ ၅**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကို ပြခန်းများ၊ ဈေးရောင်းပွဲများ၊ အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများ ပြုလုပ်ရန်နှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးဖြစ်ကြောင်း၊ (၇၅) နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့နှင့် ပတ်သက်ပြီး နိုင်ငံတော်အဆင့် နေပြည်တော်၌လည်း ခမ်းနားစွာဖြင့် အလှပြယာဉ်များ၊ ပြခန်းများ၊ ဈေးရောင်းပွဲတော်များ၊ ကျင်းပမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးရုံးစိုက်ရာ ထားဝယ်မြို့တွင်လည်း အလံတင်အခမ်းအနား၊ လွတ်လပ်ရေးနေ့ အခမ်းအနားများအပြင် ပြခန်းများ၊ ဈေးရောင်းပွဲများ၊ အားကစားပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း၊ စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တက်ရောက်လာသူများအနေဖြင့် ကြိုတင်စီစဉ်ဆောင်ရွက်ထားရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများက စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားဆောင်ရွက်မည့်အခြေအနေကို ရှင်းလင်းဆွေးနွေးပြီး အခမ်းအနားပြင်ဆင်ရေး၊ စစ်ရေးပြ၊ လုံခြုံရေးနှင့် စည်းကမ်း ထိန်းသိမ်းရေး၊ ဖိတ်ကြားရေး၊ ပြန်ကြားရေးနှင့် သတင်းထုတ်ပြန်ရေး၊ ကြိုဆိုနေရာချထားရေးနှင့် ပို့ဆောင်ရေး၊ အားကစားပြိုင်ပွဲများ ကျင်းပရေး၊ ကျန်းမာရေး စောင့်ရှောက်မှုစသည့် လုပ်ငန်းကော်မတီအလိုက် ရှင်းလင်းဆွေးနွေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးသည်။

သတင်းစဉ်

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန “၃၇ မင်းနတ်အက၊ နတ်ကတော်အကနှင့် အပျိုတော်အက ဖျော်ဖြေတင်ဆက်မှုဆိုင်ရာ သမားစဉ်များ” စာတမ်းဖတ်ပွဲအခမ်းအနားကျင်းပ





**ပုဂံ ဒီဇင်ဘာ ၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက “၃၇ မင်းနတ်အက၊ နတ်ကတော်အကနှင့် အပျိုတော်အက ဖျော်ဖြေတင်ဆက်မှုဆိုင်ရာ သမားစဉ်များ” စာတမ်းဖတ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပုဂံမြို့ရှိ ယွန်းပညာကောလိပ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဒေါ်အေးနုစိန်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းနှင့် ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ ယဉ်ကျေးမှုကာကွယ်ထိန်းသိမ်းရေးကော်မတီဝင်များ၊ ပုဂံမြို့နှင့် ညောင်ဦးမြို့ဒေသခံများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး

ဦးစွာ စာတမ်းဖတ်ပွဲအခမ်းအနားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဇာတ်သဘင်များ၊ နတ်ပွဲများတွင် နတ်အကြောင်း အတ္ထုပ္ပတ္တိကို ဖွဲ့ဆိုထားသည့် နတ်တို့နှင့်ပတ်သက်သည့်အကြောင်းအရာများကို သီဆိုတီးမှုတ်ကခုန်ရန် ရေးစပ်ထားသောသီချင်းကို နတ်ချင်းဟု ခေါ်ဆိုပါကြောင်း၊ နတ်ချင်းနှင့် နတ်အကသည် ရှေးအကျဆုံးမြန်မာ့ရိုးရာသီချင်းနှင့် ရိုးရာအကဖြစ်ပါကြောင်း၊ နတ်ချင်းများသည် ယဉ်ကျေးမှုအနုပညာနှင့် ဂီတသီချင်းများအဖြစ် ယနေ့တိုင် တည်တံ့ပြန့်ပွားလျက်ရှိနေပါကြောင်း၊ ပျူခေတ်ကစတင်ပြီး မြန်မာ့သဘင်ပညာသည် ကိုးကွယ်ယုံကြည်မှု၊ ပူဇော်ပသမှုကို အခြေခံပြီး ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါကြောင်း၊ တီးမှုတ်သည့် တူရိယာ၊ ပစ္စည်းသုံးစွဲမှုနှင့် တီးခတ်သည့် သံစဉ်၊ သီဆိုသည့် စာသား၊ ကပြသည့် ဟန်ပန်အမူအရာများမှာ ကိုးကွယ်ယုံကြည်မှုကို အလေးဂရုထားပြီး သီဆိုတီးမှုတ်ကပြကြသည်ကို လေ့လာသိရှိနိုင်ပါကြောင်း။

စာတမ်းဖတ်ပွဲကို အကြောင်းပြုပြီး ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ၃၇ မင်း နတ်ချင်းများ၊ နတ်အကများ၊ တီးကွက်တီးလက်များနှင့် မြန်မာ့သဘင် ဖျော်ဖြေတင်ဆက်မှုဆိုင်ရာ နတ်ကတော်အက၊ အပျိုတော်အကများ၏ ကကြိုးကကွက်များ၊ တီးကွက်တီးလက်များကို အထောက်အထားမှတ်တမ်းများအဖြစ် ကျန်ရှိစေရန်၊ ဖျော်ဖြေတင်ဆက်မှုဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ရှာဖွေဖော်ထုတ်ထိန်းသိမ်းခြင်းကို ဆောင်ရွက်နိုင်ရန်နှင့် မြန်မာ့သဘင်အစဉ်အလာသမားစဉ်များ၏ အရေးပါမှုကို လေးစားတန်ဖိုးထားသိရှိနိုင်စေရန် အထောက်အကူပြုနိုင်ပါကြောင်း ပြောကြားသည်။

### ဆွေးနွေးမေးမြန်း

စာတမ်းဖတ်ပွဲတွင် အနုပညာဦးစီးဌာန လေ့ကျင့်ရေးနှင့် သုတေသနဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာလှဲ့လှဲ့အောင်က “၃၇ မင်း နတ်ကတော်အကနှင့် အပျိုတော်အကသမားစဉ် တီးကွက်တီးလက်များ” စာတမ်းကိုလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) သဘင်ပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဦးခိုင်ထွန်းက “ ပွဲဦးနတ်ကတော် အကနှင့် အပျိုတော်အက၏ ကကြိုးကကွက်များကို လေ့လာခြင်း” စာတမ်းကိုလည်းကောင်း၊ စာတမ်းရှင် မောင်လူမွှေး(မြန်မာမှု)က “အပျိုတော်နှင့်သဘင့်အစဉ်” စာတမ်းကိုလည်းကောင်း ဖတ်ကြားခဲ့ရာ ဆိုင်းပညာရှင် ဦးကျော်ညွန့် က သဘာပတိအဖြစ် ဆောင်ရွက်သည်။ စာတမ်းတစ်စောင်ချင်း ဖတ်ကြားအပြီးတွင် တက်ရောက်လာကြသူများက စာတမ်းများနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက နတ်ကတော်သမားစဉ် အဆို၊ အတီး၊ အကဖြင့် လည်းကောင်း၊ အပျိုတော်သမားစဉ် အဆို၊ အက၊ အတီးဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

### ဂုဏ်ပြုလက်ဆောင်များ ပေးအပ်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဒေါ်အေးနုစိန်တို့က သဘာပတိနှင့် စာတမ်းရှင်များကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စာတမ်းများနှင့်ပတ်သက်၍ သုံးသပ်ပြောကြားပြီး စာတမ်းဖတ်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်၊ ဒေါက်တာကံဇော်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး Mr. Maxim RESHETNIKOV ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၅**

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ဒီဇင်ဘာ ၃ ရက် မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး Mr. Maxim RESHETNIKOV ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှားနိုင်ငံသား ခရီးသည်များ မြန်မာနိုင်ငံသို့ အဆင်ပြေလွယ်ကူစွာ လာရောက်လည်ပတ်နိုင်ရေး၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဏာမအမြင်ချင်းဖလှယ် ဆွေးနွေးကြပြီး ငပလီကမ်းခြေသို့ လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းတွင် သံတွဲမြို့နယ် ငပလီကမ်းခြေရှိ Aureum Palace ဟိုတယ်၌ ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရခိုင်ဇုန်) ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။**(အောက်ပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်က ခရီးသွားလုပ်ငန်းကို ဦးစားပေးကဏ္ဍ တစ်ရပ်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ရုရှားခရီးသွားများသည် ပင်လယ်ကမ်းခြေများကို နှစ်သက်ကြပါကြောင်း၊ ယခု ငပလီကမ်းခြေကိုလည်း အထူးနှစ်သက်ကြပါကြောင်း၊ ငပလီကမ်းခြေသည် ရေသန့်ရှင်းကြည်လင်ခြင်း၊ ဖြူလွှသော သဲသောင်ပြင် သာယာပြန့်ပြူးလှပခြင်းနှင့် ခရီးသွားများ ပြည့်ကျပ်မှုမရှိသော ပတ်ဝန်းကျင်ကို နှစ်သက်ကြပါကြောင်း၊ ထို့ကြောင့် ရုရှားခရီးသွားများကို ဖိတ်ခေါ်၍ လည်ပတ်ကြခြင်းဖြင့် နိုင်ငံတော်နှင့် ဒေသခံများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်သူများဘက်ကလည်း ခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်မှုများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသထုတ်ကုန်များ မြှင့်တင်ရေးနှင့် အရေအတွက်များများ ထုတ်လုပ်ရောင်းချနိုင်ရေးတို့ကို ကြိုးစားဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်လုပ်ငန်းရှင်များအသင်း (ရခိုင်ဇုန်) ဥက္ကဋ္ဌနှင့် အသင်းအလုပ်အမှုဆောင်များက ခရီးစဉ်ဒေသ သန့်ရှင်းသာယာလှပရေး၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိနိုင်ရေးနှင့် ထိုက်သင့်သော ဖြေလျှော့မှုများ ခွင့်ပြုပေးရေးတို့ကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးသည် နံနက် ၁၁ နာရီခွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့်အတူ ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး Mr. Maxim RESHETNIKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးသည်။

ဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနှင့် ရုရှားနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး သဘောတူထားရှိမှုများနှင့် နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာမူကြမ်း ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးက မကြာမီတွင် ရုရှားနိုင်ငံမှ ခရီးသည်များ လာရောက်လည်ပတ်ကြမည်ဟု ယုံကြည်ပါကြောင်း၊ အနာဂတ်စီမံကိန်းများတွင်လည်း အစိုးရ၊ ပုဂ္ဂလိကအဖွဲ့များ ပူးပေါင်းဆောင်ရွက်နိုင်ရန် စီစဉ်မည်ဖြစ်ကြောင်း ပြောကြားပြီး တက်ရောက်လာသူများက ရုရှားခရီးသည်များ မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ လာရောက်လည်ပတ်နိုင်ရေး အစီအမံများကို ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ရုရှားနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးနှင့် ကိုယ်စားလှယ်များကို ငပလီကမ်းခြေရှိ Amazing Ngapali Resort၊ Bayview Beach Resort နှင့် Sandoway Resort များသို့ သွားရောက်၍ ဟိုတယ်အခန်းများနှင့် ဝန်ဆောင်မှုများကို ပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး အလွတ်တန်းဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် U-18 အမျိုးသမီး ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကျင်းပ





**နေပြည်တော် ဒီဇင်ဘာ ၅**

၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး အလွတ်တန်း ဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(B) ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များဖြစ်ကြသည့် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုးနှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ /နည်းပြများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရည်ရွယ်ကျင်းပ

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း‌ဇံ က ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှ လာရောက်ယှဉ်ပြိုင်ကြသည့်ဘော်လီဘောအားကစားသမားအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေး၊ ဘော်လီဘော မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေး၊ ဘော်လီဘော အားကစားနည်းကို နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှား ကစားကြစေခြင်းဖြင့် ဘော်လီဘော အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း။

### ဘက်စုံပြည့်စုံအောင်ကြိုးစား

ဘော်လီဘော အားကစားနည်းသည် တစ်ဦးချင်းရော အသင်းလိုက်ပါ လေ့ကျင့်မှု ပြည့်ဝရန် အထူးလိုအပ်သည့် ကစားနည်းဖြစ်ပါကြောင်း၊ ထို့အပြင် အသင်းလိုက် ကစားရသည့်အတွက် တစ်ဦးချင်းထိုးဖောက်တတ်သည့် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်ရသလို မိမိအသင်း အောင်နိုင်ရန် အသင်းဖော်များ၏ အရည်အသွေးပေါ်အောင် ဖန်တီးပေးတတ်ရန်လည်း လိုအပ်ပါကြောင်း၊ မြန်မာ့ဘော်လီဘော အားကစားအဆင့်အတန်း ပြန်လည် တိုးတက်အောင်မြင်လာစေရန်နှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် အားကစားသမားများ အနေဖြင့် ဘက်စုံပြည့်စုံအောင် ကြိုးစားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက်ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ ခိဋ္ဌာန် (၄) ချက်ကို ရွတ်ဆိုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

### ကြည့်ရှုအားပေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး အလွတ်တန်း ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော် အမျိုးသမီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး အလွတ်တန်း ဖိတ်ခေါ် U-18 အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကိုဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ ဖြစ်ကြသည့် ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး နှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### အလေးအနက်ထားဆောင်ရွက်

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း‌ဇံ က အမျိုးသမီး ဘောလုံးအားကစားသည် အမျိုးသား ဘောလုံး အားကစားနည်းလို ပြည်သူလူထု၏ စိတ်ပါဝင်စားမှု ရရှိနေပြီးဖြစ်ကြောင်း၊ သက်တမ်းအလိုက် အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင်လည်း အောင်မြင်မှုရရှိနေပြီ ဖြစ်သည့်အတွက် အမျိုးသမီးများ၏ ဘောလုံးအားကစား စွမ်းရည်ဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်နိုင်အောင် အထူးကြိုးပမ်းဆောင်ရွက် သွားကြရန်လိုကြောင်း၊ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့ ဘောလုံးအားကစား ပြန်လည်အောင်မြင်မှု ရရှိရန် အရေးကြီး တာဝန်တစ်ရပ်အဖြစ် ခံယူပြီး အောင်နိုင်ရေး စီမံချက် ရေးဆွဲကာ အလေးအနက်ထား ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက်ပြိုင်ပွဲဝင်အားကစားသမားများက နိုင်ငံတော်သီချင်းနှင့် အားကစားသစ္စာခိဋ္ဌာန် (၄) ချက်ကို ရွတ်ဆိုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး အလွတ်တန်း ဖိတ်ခေါ် U-18 အမျိုးသမီး ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် ရောဝတီတိုင်းဒေသကြီး အမျိုးသမီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီး အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

### အခမဲ့လာရောက်ကြည့်ရှုနိုင်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး အလွတ်တန်း ဖိတ်ခေါ် ဘော်လီဘောပြိုင်ပွဲနှင့် U-18 အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်မှ ၁၉ ရက်အထိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B)၊ ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း၊ လေ့ကျင့်ရေးကွင်း အမှတ် ၁ နှင့် ကွင်းအမှတ် ၃ တို့၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး အလွတ်တန်း ဖိတ်ခေါ် U-18 အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ဖြစ်ကြသည့် Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုးနှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက အားကစားသမား များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

---

## သဲကုန်းမြို့နယ်၌ စားသုံးဆီဖူလုံရေး ဆောင်းနေကြာ ၂၃၃၇ ဧက စိုက်ပျိုးရန်လျာထား

**သဲကုန်း ဒီဇင်ဘာ ၅**

သဲကုန်းမြို့နယ်၌ စားသုံးဆီဖူလုံရေးအတွက် ၂၀၂၂-၂၀၂၃ ခုနှစ်ဆောင်းသီးနှံ (နေကြာ) စပေါင်းစိုက်ပျိုးပွဲကို ချားလျားကုန်းရွာ အပိုင် တောင်သူ ဦးအောင်ဇော်ဦး၏ လယ်မြေ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

ယင်းစိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့် ဌာနဆိုင်ရာများက ကွင်းဆင်းကြည့်ရှုအားပေးပြီး ဌာနဆိုင်ရာ ဝန်ထမ်းများစုပေါင်းအဖွဲ့က စိုက်ပျိုးရေးဝန်ထမ်းများနှင့်အတူ စိုက်ပျိုးရေးဦးစီးဌာန၏ ရေဆင်းစပ်မျိုး (၁) မျိုးစေ့သန့်များဖြင့် ဆောင်းသီးနှံနေကြာ သုံးဧက စိုက်ပျိုးခဲ့ကြသည်။

သဲကုန်းမြို့နယ်တွင် ၂၀၂၂-၂၀၂၃ခုနှစ်အတွက် ဆောင်းနေကြာ ၂၃၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယင်းလျာထားဧကများတွင် ဆင်းရွှေကြာ(၂) နှင့် စပ်မျိုး(၁) နေကြာမျိုးစေ့များဖြင့် စိုက်ပျိုးမည်ဖြစ်ကြောင်းနှင့် အဆိုပါ လျာထားဧက စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဒေသတွင်း ဆောင်းနေကြာ စိုက်တောင်သူများထံ သန့်စင်ပြီး နေကြာမျိုးစေ့များ ဖြန့်ဖြူးပေးထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တတိယအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ကော်မရှင်အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၅**

မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လာစေရန် ရည်ရွယ်၍ တတိယအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင် ရွက်ရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ပူးတွဲကော်မရှင်ဥက္ကဋ္ဌများဖြစ်ကြသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးတို့ ဦးဆောင်၍ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

တတိယအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်နှင့် ရုရှားဘက်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရုရှားစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး H.E. Mr. Maxim RESHETNIKOV တို့က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကော်မရှင် အစည်းအဝေးတွင် ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လက်ရှိအခြေအနေ၊ သဘောတူညီချက်များနှင့် ပြည်သူအချင်းချင်း ဆက်ဆံရေး အားကောင်းခိုင်မာခြင်း၊ ကုန်သွယ်မှု၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ခြင်း၊ စက်မှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဘဏ်အချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း အစရှိသည့် ကဏ္ဍများတွင် နှစ်ဖက်သက်ဆိုင်ရာကဏ္ဍများအလိုက် တာဝန်ရှိသူများက ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တတိယအကြိမ်ကော်မရှင်အစည်းအဝေးတွင် ဆွေးနွေးသည့် ဆွေးနွေးချက်များသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပသည့် (၇) ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်တွင် လက်မှတ်ရေးထိုးခဲ့သော ရုရှား-မြန်မာ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (Strategy for the Development of Russia–Myanmar Economic Cooperation) ကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။




တတိယအကြိမ် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကော်မရှင်အစည်းအဝေး ကျင်းပစဉ်။

**လက်မှတ်ရေးထိုးလဲလှယ်**

ဆက်လက်၍ စာချုပ်စာတမ်းများ လက်မှတ်ရေးထိုးခြင်းအစီအစဉ်ကို ဆက်လက်ပြုလုပ်ခဲ့ပြီး စာချုပ်စာတမ်း (၇) ခုကို မြန်မာဘက်နှင့် ရုရှားဘက်တို့မှ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက လက်မှတ်ရေးထိုး လဲလှယ်ကြသည်။ **(အောက်ပုံ)**

မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးတို့ ဦးဆောင်၍ ရုရှား-မြန်မာ စီးပွားရေးဖိုရမ် မျက်နှာစုံညီအစည်းအဝေးကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်များဖြင့် ကျင်းပကြသည်။



အစည်းအဝေး၌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ၂၀၂၂ ခုနှစ်သည် ရုရှား-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးအတွက် အရေးပါသည့် နှစ်တစ်နှစ်ဖြစ်ပြီး နှစ်နိုင်ငံခေါင်းဆောင်များအကြား တွေ့ဆုံဆွေးနွေးမှုများရှိခဲ့ကာ သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့ပါကြောင်း၊ ယနေ့အခမ်းအနားတွင်လည်း နှစ်နိုင်ငံ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (MOU) များကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး စီးပွားရေး မိတ်ဖက်ကောင်းများအဖြစ် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို မြှင့်တင်ခဲ့ပါကြောင်း၊ ယခုရုရှားကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်အတွင်း မြန်မာနိုင်ငံမှ ရရှိနိုင်မည့် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများကို ကောင်းစွာနားလည်ရှုမြင်နိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

**တက်ရောက်ပါဝင်ဆွေးနွေး**

အဆိုပါ စီးပွားရေးဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးအောင်နိုင်ဦး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး Mr. Maxim RESHETNIKOV နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ စီးပွားရေးဆိုင်ရာ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက ဆွေးနွေးပြောကြားသူ (panelist) များအဖြစ် တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြပြီး ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ စီးပွားရေးကိုယ်စားလှယ်ပေါင်း ၃၀၀ ကျော် တက်ရောက်ကြသည်။

ထို့နောက် တတိယအကြိမ် ရုရှား-မြန်မာ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ကော်မရှင်အစည်းအဝေးသို့ တက်ရောက်လာကြသည့် ရုရှားစီးပွားရေး လုပ်ငန်းရှင်ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များသည် မွန်းလွဲပိုင်း ဒုတိယအစီအစဉ်အဖြစ် စက်မှုနှင့် စိုက်ပျိုးရေးကဏ္ဍ၊ စွမ်းအင်နှင့် ဓာတ်သတ္တုလုပ်ငန်းကဏ္ဍ၊ ဘဏ်နှင့် ငွေကြေးဆိုင်ရာကဏ္ဍ၊ သတင်းအချက်အလက်နှင့် ဒစ်ဂျစ်တယ်နည်းပညာကဏ္ဍ၊ ဆေးဝါးနှင့် ဆေးပစ္စည်း ထုတ်လုပ်ခြင်း လုပ်ငန်းကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းကဏ္ဍစသည့် ကဏ္ဍ (၆) ခုနှင့်စပ်လျဉ်း၍ တစ်ပြိုင်နက်တည်း ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲများတွင် တက်ရောက် ပါဝင်ဆွေးနွေးကြသည်။

**အပြန်အလှန်ဆွေးနွေး**

အဆိုပါစကားဝိုင်းဆွေးနွေးပွဲများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌတို့က ကြီးမှူး၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ရုရှားကုမ္ပဏီ ၁၀၀ ကျော်နှင့် မြန်မာကုမ္ပဏီ ၂၀၀ ခန့်တို့ တက်ရောက်ခဲ့ကြကာ သက်ဆိုင်ရာကဏ္ဍများအလိုက် စီးပွားရေးအခွင့်အလမ်းများ၊ ဥပဒေ၊ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ ထို့အပြင် စကားဝိုင်းဆွေးနွေးပွဲများ၏ ရလဒ်များအရ ရုရှားကုမ္ပဏီများနှင့် မြန်မာကုမ္ပဏီတို့အကြား လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများရှိခဲ့ပြီး မြန်မာ့စီးပွားရေးအတွက် အကျိုးကျေးဇူးများ ဖော်ဆောင်ဖြစ်ထွန်းလာစေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

❖ *ကျောဖုံးမှ*

ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အသင်းသည် ၂၀၂၂ AFF Cup ပြိုင်ပွဲမတိုင်မီ နောက်ဆုံးခြေစမ်းပွဲအဖြစ် ထိုင်းလက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အသင်းသည် ထိုင်းနှင့် ခြေစမ်းပွဲအပြီးတွင် မြန်မာနိုင်ငံသို့ ပြန်လာကာ ပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ၂၀၂၂ AFF Cup ပြိုင်ပွဲကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (ခ) တွင် ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ လာအိုအသင်းတို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် ဒီဇင်ဘာ ၂၁ ရက်တွင် မလေးရှားအသင်းနှင့် အိမ်ကွင်းကစားရမည် ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အသင်းသည် ပြည်တွင်းလိဂ်ပြိုင်ပွဲတွင် ခြေစွမ်းပြကစားခဲ့သည့် ကစားသမား ၂၅ ဦးကို ထိုင်းခရီးစဉ်သို့ ခေါ်ဆောင်လာပြီး ပြည်ပကလပ်များတွင် ကစားနေသူများမှာ ဒီဇင်ဘာလဆန်းပိုင်းမှ အသင်းနှင့် လာရောက်ပူးပေါင်းခြင်းဖြစ်သည်။ **ရဲရင့်လွင်**

# ပလက်ဝခရိုင်၌ စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဖွင့်

**ပလက်ဝ ဒီဇင်ဘာ ၅**

ချင်းပြည်နယ် ပလက်ဝခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အငယ်တန်းစာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက စာရေးဝန်ထမ်းများသည် အောက်ခြေအဆင့်အထိ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရမည်ဖြစ်သည့်အတွက် သင်တန်းကောင်းမှ ဝန်ထမ်းကောင်းများ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း၊ သင်တန်းကို မြို့နယ်အဆင့် ဌာနဆိုင်များက သင်ကြားပို့ချပေးမည်ဖြစ်၍ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် လိုက်နာမှတ်သား သင်ယူကြရမည်ဖြစ်ကြောင်း၊ သင်တန်းမှ သင်ကြားပို့ချသည်များကို မှတ်သားပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံအကျိုး၊ ပြည်သူအကျိုး၊ ရပ်ရွာအကျိုးများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ဒီဇင်ဘာ ၅ မှ ဒီဇင်ဘာ ၂၇ ရက်အထိ ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ပြီး သင်တန်းသား ၄၈ ဦး တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရုရှားနိုင်ငံ အဆင့်မြင့်ပညာရေး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Ms. Natalia A. Bocharova အား လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၅

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ရုရှားနိုင်ငံ အဆင့်မြင့်ပညာရေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Ms. Natalia A. Bocharova နှင့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ Naypyitaw State Academy ၌ လက်ခံတွေ့ဆုံသည်။**



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာကဏ္ဍ လုပ်ငန်းဆောင်ရွက်မှုများနှင့် Naypyitaw State Academy ဆက်လက်တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် Naypyitaw State Academy ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုလွင်က Naypyitaw State Academy ၏ ဖွဲ့စည်းပုံ၊ ဝန်ထမ်းအင်အား၊ ကျောင်းသားအင်အား၊ လက်ရှိသင်ကြားနေသည့် အထူးပြုဘာသာရပ်ဆိုင်ရာ သင်တန်းများ၊ ဆက်လက်ဖွင့်လှစ် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ရုရှားနိုင်ငံဒုတိယဝန်ကြီးတို့သည် ပညာတော်သင်များ တိုးမြှင့်စေလွှတ်နိုင်ရေး၊ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံ ပညာရေးဆိုင်ရာ ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် ရုရှားဘာသာစကား သင်ကြားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၇၀) သင်တန်းဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၅**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ဖွင့်လှစ်ခဲ့သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၇၀)၏ သင်တန်းဖွင့်အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက ယခုသင်တန်းကို မြန်မာနိုင်ငံအထက်ပိုင်းရှိ အခြေခံပညာဦးစီးဌာနမှ မူလတန်းပြ၊ အလယ်တန်းပြ၊ အထက်တန်းပြအဆင့် အခြေခံပညာ ဆရာ ဆရာမများကို တစ်နေရာတည်းတွင် စုစည်းဖွင့်လှစ်ခြင်းဖြစ်ပြီး နိုင်ငံတော်၏ မူဝါဒလုပ်ငန်းစဉ်များ၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး လုပ်ငန်းစဉ်များ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အခြေအနေများကို သိရှိစေရန်၊ ကျောင်းသားများနှင့် စပ်လျဉ်းသည့် စီမံခန့်ခွဲရေးနှင့် သင်ကြားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လေ့လာနိုင်စေရန်၊ ဆရာ့သိက္ခာနှင့် ဆရာ့ကျင့်ဝတ်များကို သဘောပေါက် တန်ဖိုးထားတတ်စေရန်၊ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို သိရှိစေရန် ရည်ရွယ်ဖွင့်လှစ်ပေးခြင်း ဖြစ်ပါကြောင်း။

### တိုက်တွန်းမှာကြား

နိုင်ငံ့ဝန်ထမ်းကောင်း တစ်ဦး၏ စိတ်ဓာတ်ရေးရာ၊ စည်းကမ်း၊ ခံယူချက်နှင့် ယုံကြည်ချက်များ ပိုမိုခိုင်မာလာသည့် ဆရာ ဆရာမများ ဖြစ်အောင် ကြိုးစားကြရင်း ပညာရေးဝန်ကြီးဌာနနှင့် အခြေခံပညာကျောင်း၏ ဂုဏ်ဆောင်နိုင်ရန်၊ ကြိုးစားကြရန် တိုက်တွန်းမှာကြားသည်။

### ရင်းရင်းနှီးနှီး နှုတ်ဆက်

ထို့နောက် သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်သည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၁၀၉ ဦး၊ သင်တန်းသူ ၄၆၂ ဦး စုစုပေါင်း ၅၇၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ (၅)ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# တတိယအကြိမ်မြောက် ရုရှား - မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၅**

တတိယအကြိမ်မြောက် ရုရှား-မြန်မာ အစိုးရအချင်းချင်း ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကော်မရှင် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန -၂ ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးများ၌ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ရုရှား-မြန်မာ ဘဏ်လုပ်ငန်း ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ဆက်စပ် အစည်းအဝေးများကို အစီအစဉ်သုံးခုဖြင့် ဆောင်ရွက်ခဲ့ရာ အစီအစဉ် (၁)အရ ကျင်းပသည့် "ဘဏ်အချင်းချင်းပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ အလားအလာ" (On prospects for interbank cooperation) နှင့် စပ်လျဉ်း၍ ရုရှားနိုင်ငံ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ Mr. Alexey Guznov နှင့် ရုရှားနိုင်ငံ၏ အမျိုးသား ငွေပေးချေမှုကတ် ကုမ္ပဏီမှ ဥက္ကဋ္ဌ Mr. Vladimir Komlev တို့က ဦးဆောင်ဆွေးနွေးခဲ့ပြီး၊ ယင်း ဆွေးနွေးချက်များအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်က ပြန်လည်သုံးသပ်ဆွေးနွေးသည်။

အစီအစဉ် (၂) အရ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ရုရှားနိုင်ငံဗဟိုဘဏ်တို့အကြား ဘဏ်လုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memorandum of Understanding on bilateral cooperation between the Bank of Russia and the Central Bank of the Republic of the Union of Myanmar) ကို နှစ်နိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများက လက်မှတ်ရေးထိုးသည်။

အစီအစဉ် (၃) အရ နှစ်နိုင်ငံ ဗဟိုဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများအကြား ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲ (Round-table "Banks and Finance") တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌဒေါက်တာလင်းအောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ရုရှားနိုင်ငံ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ Mr. Alexey Guznov တို့က အမှာစကားများ ပြောကြားကြပြီး နှစ်နိုင်ငံဗဟိုဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများက ရုရှား-မြန်မာ နှစ်နိုင်ငံအကြား ဘဏ်လုပ်ငန်းဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဒီဇင်ဘာ ၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး တို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၅၈၂ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် ရေဝတီတိုင်းဒေသကြီး ဖျာပုံမြို့တို့မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပဲခူးမြို့ ရေပေးရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးမြင့်စိုး ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၅

ကျေးလက်နေ ပြည်သူများ၏ လူနေမှုအဆင့်အတန်းနှင့် လူမှုစီးပွားဘဝများ မြင့်မားလာစေရန်၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရန်နှင့် မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများအကြား ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ဗဟုသုတနှင့် အတွေ့အကြုံများ ဖလှယ်ရန် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် မဲခေါင်-လန်ချန်းနိုင်ငံများ အကြား **"ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာထူထောင်ခြင်း စီမံကိန်း"** မိတ်ဆက်ပွဲကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွာသစ်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးတို့က အမှာစကား ပြောကြားကြပြီး စီမံကိန်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်နေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ စီမံကိန်းကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) ဖြင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွာသစ်ကျေးရွာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းကာလ နှစ်နှစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပဲခူးမြို့ ရေပေးရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရေမီတာတိုးချဲ့တပ်ဆင်နိုင်ရေး၊ လုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေး၊ စမ်းသပ် လည်ပတ်နေမှုများ အောင်မြင်အောင် ဆောင်ရွက်ကြရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားပြီး အကြိုရေစစ်ကန် တည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုများကို ကြည့်ရှုသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်အဆင့် ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်ရွယ်ချက်၊ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ဦးစီးဌာနများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး၊ ဝန်ထမ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေးတို့ကို မှာကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ **သတင်းစဉ်**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၅

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ သီရိရတနာကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မြို့မရွှေဂူကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ထူပါဇေယျကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ကြာကန်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မဟာဗောဓိဗုဒ္ဓဂါယာကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ မဟာဝိစိတ္တာရုံကျောင်းတိုက်နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ သာယာကုန်းပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်ရှိ မြတ်သန္တာကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ သီရိမင်္ဂလာကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ချမ်းသာကြီး(တောင်)ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ညောင်တုန်းကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ရှမ်းပဋ္ဌာကတ်၊ စဝ်စံထွန်းကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ စိတ္တသုခကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများတစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ အချိန်တိုအတွင်း သိသာထင်ရှားသည့်တိုးတက်အောင်မြင်မှု ရလဒ်ကောင်းများရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်

နေပြည်တော် ဒီဇင်ဘာ ၅

**နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင် ဦးဆောင်၍ ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**



### ဖွဲ့စည်းတာဝန်ပေး

အစည်းအဝေးတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အရ လမ်းညွှန်းများ၊ လမ်းအမှတ်အသားနှင့် အချက်ပြများ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် တစ်ပြေးညီဖြစ်စေရေး ညှိနှိုင်းအစည်းအဝေးကို ၂၅.၁၀.၂၀၂၂ ရက်က ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ အဆိုပါ အစည်းအဝေးက လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ (၂၀၂၂ ခုနှစ်) ညွှန်ကြားချက်နှင့်အညီ တစ်နိုင်ငံလုံး တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

### ကွင်းဆင်းစစ်ဆေးသွားမည်

ဗဟိုကြီးကြပ်ရေးအဖွဲ့ အနေဖြင့် ယခုပထမအကြိမ် အစည်းအဝေးကို ခေါ်ယူပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် 1968 Vienna Convention on Road Traffic နှင့် 1968 Vienna Convention on Road Signs & Signals တို့သို့ ၂၀၁၉ ခုနှစ်တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီးဖြစ်သည့်အတွက် လက်ရှိထုတ်ပြန် ကျင့်သုံးလျက်ရှိသည့် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများသည် Vienna Convention ပါ ပြဋ္ဌာန်းချက်များကို အခြေခံထားခြင်း ဖြစ်ပါကြောင်း၊ မော်တော်ယာဉ်များ မောင်းနှင်အသုံးပြုသည့်လမ်းများကို မြေပြင်၌ လက်တွေ့အကောင်အထည်ဖော် စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ နေပြည်တော်/ ရန်ကုန်/ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီများနှင့် ဆက်စပ်ဌာနများအနေဖြင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်နှင့်အညီ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြေပြင်မှာ လက်တွေ့အကောင်အထည်ဖော် ရေးဆွဲစိုက်ထူကြရန်ဖြစ်ပါကြောင်း၊ လက်ရှိရေးဆွဲစိုက်ထူအသုံးပြုထားသည့် လမ်းညွှန်းများ၊ အချက်ပြများနှင့် လမ်းပေါ်ဆေးရေး အမှတ်အသားများသည် ညွှန်ကြားချက်ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း မရှိပါက အမြန်ပြင်ဆင် ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း၊ အချို့တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လမ်းညွှန်းများ၊ လမ်းအမှတ်အသားများဆိုင်ရာ ကွဲလွဲမှုများ စိစစ်တွေ့ရှိရသည့်အတွက် သတ်မှတ်ညွှန်ကြားချက်နှင့်အညီ ဖြစ်စေရေး အမြန်ပြင်ဆင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး / ပြည်နယ် ကြီးကြပ်ရေးအဖွဲ့များအနေဖြင့် လက်အောက်ရှိ သက်ဆိုင်သည့် ဌာန၊ အဖွဲ့အစည်းများအား စုစည်း၍ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ကွင်းဆင်းစစ်ဆေးခြင်း၊ ပြုပြင်စေခြင်းများ အမြန်ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့အနေဖြင့် ဦးစားပေးရေယာ၊ ဦးစားပေး တိုင်းဒေသကြီး/ ပြည်နယ်နှင့် ဦးစားပေးလမ်းများကို ရွေးချယ်ပြီး အခါအားလျော်စွာ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးမှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဗဟိုကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများဆိုင်ရာ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း Road Audit ဆောင်ရွက်ထားမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ဒေသအလိုက် လမ်းပိုင်းအားလုံး၌ သတ်မှတ်ညွှန်ကြားချက်နှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ပြည့်စုံမှန်ကန်ညီညွတ်ရေး၊ ဒေသအလိုက် လုပ်ငန်းစဉ်များကို ချက်ချင်းအကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် အချိန်တိုအတွင်း သိသာထင်ရှားသည့် တိုးတက်အောင်မြင်မှု ရလဒ်ကောင်းများ ရရှိအောင် ကြိုးပမ်းရေးတို့ကို ဆုံးဖြတ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကုန်သွယ်မှုအတွက် လုပ်ငန်းဆောင်ရွက်ပေးနိုင်ခဲ့မှု



ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်ထားခြင်းများကို Tradenet 2.0 System တွင် Online ဖြင့် လျှောက်ထားနိုင်သည့်အပြင် ကုန်သွယ်ရေးစခန်းများတွင်လည်း လာရောက်လျှောက်ထားပါက ခွင့်ပြုပေးလျက်ရှိသည်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၄ ရက်အထိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေး ဇုန်မှ ပို့ကုန်လိုင်စင် တစ်စောင်နှင့် သွင်းကုန်လိုင်စင် ၁၁၂ စောင် ခွင့်ပြုထုတ်ပေးခဲ့သည်။ အများဆုံး ပို့ကုန်ပစ္စည်းများမှာ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းမျိုးစုံ၊ လျှော်ဖြူ(ဆေးကုလားမ) တို့ဖြစ်ပြီး အများဆုံးသွင်းကုန်ပစ္စည်းများမှာ စက်နှင့်စက်ပစ္စည်းများ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းကိရိယာများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ လျှပ်စစ်မီးသီးနှင့် မီးချောင်းများ၊ ချည်ထည်များ၊ ချုပ်ပြီးအဝတ်အထည်များ၊ ပန်းသီး၊ လိမ္မော်သီး၊ လူသုံးကုန်ပစ္စည်းတို့ ဖြစ်သည်။

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ တင်ပို့သည့် ပို့ကုန်ပစ္စည်းများမှ တစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် အကောက်ခွန်သက်သာခွင့်အတွက် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ထုတ်ပေးသော ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် Form E ကို တင်ပို့သူမှ တောင်းခံလာပါက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိသည်။

၄-၁၂-၂၀၂၂ ရက်နေ့တွင် Form E ထုတ်ပေးမှုမှာ ၂၄ စောင်ဖြစ်ပြီး ချဉ်ပေါင်ဖာလာ ၁၄ စောင်၊ ကဏန်း သုံးစောင်၊ ငါးရှဉ့် နှစ်စောင်၊ လျှော်ဖြူ နှစ်စောင်၊ ကြောင်လျှာစေ့ နှစ်စောင်၊ ALUMINIUM INGOT တစ်စောင် တန်ဖိုး ၃ ဒသမ ၄၈၆ ယွမ်သန်းတို့အား ခွင့်ပြုထုတ်ပေးခဲ့ပြီး ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၄ ရက်နေ့အထိ Form E ၉၁ စောင် ထုတ်ပေးခဲ့သည်။

၄-၁၂-၂၀၂၂ ရက်နေ့တွင် ပို့ကုန်ယာဉ်စီးရေ ၁၁၆ စီး၊ သွင်းကုန်ယာဉ်စီးရေ ၄၄ စီး စုစုပေါင်း ၁၆၀ ကုန်သွယ်မှုဆောင်ရွက်ခဲ့ပြီး ယခုရက်ပိုင်းတွင် ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံ၊ နှမ်းမျိုးစုံ၊ ပြောင်း၊ ဖရဲသီး၊ သခွားသီးအစရှိသည့် သီးနှံများတင်ပို့သည့်ကာလ ရောက်ရှိ၍ ပို့ကုန်ယာဉ်စီးရေများ ပိုမိုခဲ့သည်။ ၁-၁၂-၂၀၂၂ မှ ၄-၁၂-၂၀၂၂ ရက်နေ့အထိ ပို့ကုန် ယာဉ်စီးရေ ၄၉၈ စီး၊ သွင်းကုန်ယာဉ်စီးရေ ၂၃၇ စီး ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့သည်။

မြန်မာ-တရုတ် နယ်စပ်ဒေသ ကုန်သွယ်မှုများအတွက် ငွေပေးချေမှုကို ယွမ်ငွေကြေး၊ ဒေါ်လာငွေကြေးများဖြင့် ဆောင်ရွက်လျက်ရှိသည်။ ပဲ၊ ပြောင်း၊ နှမ်း၊ မြေပဲဆံတို့ကို ဒေါ်လာငွေကြေးအပြင် ယွမ်ငွေ ကြေးဖြင့်ပါ ဆောင်ရွက်ခွင့်ပြုပြီး ဆန်၊ ဆန်ကွဲ၊ အခြား လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ရေထွက် ပစ္စည်း ဖြစ်သည့် ကဏန်း၊ ငါးရှဉ့်တို့ကို ယွမ်ငွေကြေး ဖြင့် ခွင့်ပြုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့ပေါက်ဈေးအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ၄၁၁ ကျပ်ဖြစ်၍ လက်ရှိတွင် ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက်ရှိသည်။

# မြဝတီကုန်သွယ်ရေးဇုန်၏ ကုန်သွယ်မှုအခြေအနေ



မြဝတီကုန်သွယ်ရေးဇုန်မှ တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ CMP၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ပစ္စည်းများနှင့် CMP ပစ္စည်း တင်ပို့မှုများရှိပြီး အများဆုံးပို့ကုန်ပစ္စည်းများအနေဖြင့် CMP၊ ကြက်သွန်နီ၊ ဆန်မှုန့်၊ငရုတ်၊ ကော်ဖီစေ့၊ မြေပဲ၊ ရော်ဘာ၊ ရေထွက်ပစ္စည်း၊ အလူမီနီယံဖြတ်စတို့ ဖြစ်သည်။ ရေထွက်ပစ္စည်း တင်ပို့မှုသည် မဲဆောက်မှတစ်ဆင့် ဘန်ကောက်မြို့အထိ အချိန်မီ တင်ပို့လျက်ရှိပြီး ရေထွက်ကုန်ပစ္စည်းများအားကုန်သွယ်မှု လမ်းကြောင်း တစ်လျှောက်၊ ကုန်သွယ်ရေးဇုန်၊ BCF တံတား-၂ တို့မှ တစ်ဆင့် တစ်ဖက်နိုင်ငံသို့ အမြန် ရောက်ရှိရေးအတွက် ဦးစားပေး ဆောင်ရွက်ပေးလျက်ရှိသည်။

သွင်းကုန်တင်သွင်းမှုအနေဖြင့် ချည်ပိတ်လိပ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက်ရုံသုံးကုန်ကြမ်းပစ္စည်းများ၊ ဆေးဝါးများ၊ ဆိုင်ကယ်အပိုပစ္စည်းများ၊ ဖိနပ်များ၊ အသင့်ချုပ်ပြီး အဝတ်အထည်များ၊ သစ်သီး၊ စားသောက်ကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်း၊ ဖိနပ်အပိုပစ္စည်းများ၊ Gas ၊ Lubricant များ၊ အိမ်သုံးပစ္စည်းများ၊ တိရစ္ဆာန်အစာများ၊ စက်ဘီးများ၊ စာရေးကိရိယာများ၊ ကားအပိုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ တင်သွင်းလျက်ရှိသည်။ Garment၊ ကြွေပြား၊ စားသောက်ကုန်ပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ အိမ်သုံးပစ္စည်း၊ ကြက်၊ ဝက်၊ ဘဲ အရှင်များ၊ စက်မှုကုန်ကြမ်းပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါး၊ အလှကုန်ပစ္စည်းများ အများဆုံး တင်သွင်းသည်။

သွင်းကုန်တင်သွင်း ကုန်သည်များအနေဖြင့် နိုဝင်ဘာလဆန်းပိုင်းတွင် ဘတ်ဈေးသည် တစ်ဘတ်လျှင် ၆၇ ကျပ်ထိရှိခဲ့ပြီး ယခုလဆန်းပိုင်းတွင် တစ်ဘတ်လျှင် ၈၀ ကျပ်ခန့်အထိ ဘတ်ဈေးပြန်တက်လာသောကြောင့် ဘတ်ဈေးအတက်အကျ မတည်ငြိမ်သဖြင့် သွင်းကုန်ပစ္စည်းများကို ချိန်ဆ တင်သွင်းနေကြောင်း သတင်းရရှိသည်။

## စစ်တွေကုန်သွယ်ရေးစခန်း၌ နိုဝင်ဘာလတွင် လယ်ယာထွက်ကုန်အုပ်စု တင်ပို့မှုများမြင့်တက်လာ

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများ၊ သစ်တောထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတစ်ဆင့် စဉ်ဆက်မပြတ် တင်ပို့လျက်ရှိသည်။

ရခိုင်ပြည်နယ် စစ်တွေကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် လယ်ယာထွက်ကုန်အုပ်စုမှ အများဆုံးတင်ပို့နေပြီး နိုဝင်ဘာလတွင် အဓိကတင်ပို့ခဲ့သည့် လယ်ယာထွက်ကုန်များမှာ မန်ကျည်းစေ့၊ နနွင်းတက်၊ ချင်းအစို၊ ဆီးဖတ်၊ ဆီးသီးခြောက်၊ အုန်းသီးခြောက်၊ ထန်းလျက်၊ စစ်တုံ့ဥ၊ သရက်သီးနှင့် ကွမ်းသီးတို့ ဖြစ်ကြသည်။

ယခုနှစ်နိုဝင်ဘာလတွင် လယ်ယာထွက်ကုန်အုပ်စု တင်ပို့မှုပမာဏသည် အောက်တိုဘာလ၌ တင်ပို့ခဲ့သည့် ပို့ကုန်ပမာဏ(Trade Volume) ထက် နှစ်ဆကျော်ခန့် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

## ကန်ပိုက်တီကုန်သွယ်ရေးစခန်း၏ နိုဝင်ဘာလကုန်သွယ်မှုအခြေအနေ

ကန်ပိုက်တီကုန်သွယ်ရေးစခန်း၏ နိုဝင်ဘာလအတွင်း ပို့ကုန် ၆ ဒသမ ၆၁၁ ဒေါ်လာသန်း၊ သွင်းကုန် ၁ ဒသမ ၁၈၄ ဒေါ်လာသန်းရှိပြီး ကုန်သွယ်မှု ပမာဏအနေဖြင့် ၇ ဒသမ ၇၉၅ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့ရာ အောက်တိုဘာလထက် ကုန်သွယ်မှုပမာဏ ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။

နိုဝင်ဘာလတွင် ပို့ကုန်ပိုင်း၌ အဓိကပို့ကုန်ဖြစ်သော တစ်သျှူး ငှက်ပျောအပြင် ဖရဲသီးနှင့် ရော်ဘာစိမ်းများ တင်ပို့နိုင်ခဲ့ပြီး ငှက်ပျောထွက်ရှိမှု ပိုမိုများပြားခြင်းတို့ကြောင့် ကုန်သွယ်မှုပမာဏ ပိုမို များပြားလာနိုင်ကြောင်း သိရသည်။

သွင်းကုန်ပိုင်းအနေဖြင့် သံခြင်းကွန်တိန်နာများ၊ အင်ဂျင်များ၊ စက်နှင့် စက်ပစ္စည်းများ၊ ဝိုင်ယာကြိုးများ၊ လျှပ်စစ်မီးသီးနှင့် မီးချောင်းများ၊ ချည်ထည်များ၊ ချုပ်ပြီးအဝတ်အထည် များနှင့် အခြားလူသုံးကုန်ပစ္စည်းများ တင်သွင်းလျက်ရှိကြောင်း သတင်းရရှိသည်။

# ယင်းမာပင်ခရိုင်အတွင်း၌ မိုးစပါးများ စတင်ရိတ်သိမ်းလျက်ရှိ

ယင်းမာပင်ခရိုင်အတွင်း၌ ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ်တို့တွင် မိုးစပါးစိုက်ဧက တစ်သိန်းကျော် စိုက်ပျိုးထားရှိရာ နိုဝင်ဘာလကုန်ပိုင်းမှစ၍ မိုးစပါးများ စတင်ရိတ်သိမ်းနေကာ ၂၅ ရာခိုင်နှုန်းခန့် ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

ခရိုင်အတွင်း၌ ရောမင်း၊ လုံးသွယ်မွှေးနှင့် မနောသုခစပါးမျိုးများကို အဓိကစိုက်ပျိုးထားရှိရာ ယခုလက်ရှိတွင် လုံးသွယ်မွှေးစပါးများကို အဓိကထား ရိတ်သိမ်းနေကြောင်း၊ လုံးသွယ်မွှေးစပါးစိုက်ဧကမှာ နှစ်စဉ်ဧက နှစ်သောင်းကျော် ပုံမှန်စိုက်ပျိုးကြောင်း သိရသည်။ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် မိုးရွာသွန်းမှုများရှိခဲ့သည့်အတွက် အထွက်နှုန်းနှင့် အရည်အသွေးပါ ကောင်းမွန်ခဲ့ကြောင်း၊ တစ်ဧကလျှင် တင်း ၇၀ ခန့် ထွက်ရှိကြောင်း၊ လက်ရှိဒေသတွင်း ဈေးကွက်၌ လုံးသွယ်မွှေးစပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၁ ဒသမ ၅ သိန်း ပေါက်ဈေးရှိပြီး လုံးသွယ်မွှေးဆန်တစ်အိတ်လျှင် ငွေကျပ် ၄၇၀၀၀ ပေါက်ဈေးရှိကြောင်း ဒေသခံ တောင်သူတစ်ဦးထံမှ သိရသည်။

ရောမင်းစပါးမှာ ဧကအနည်းငယ်သာ ရိတ်သိမ်းနေသည့်အတွက် ပေါက်ဈေး မဖွင့်သေးကြောင်း၊ လုံးသွယ်မွှေးစပါးဈေးနှုန်းနှင့် ကွာဟချက် အများအပြား မရှိနိုင်ကြောင်း၊ ဒီဇင်ဘာလအတွင်း၌ မိုးစပါးအားလုံး လှိုင်လှိုင်ရိတ်သိမ်းထွက်ရှိတော့မည် ဖြစ်ကြောင်းနှင့် ယခုလက်ရှိတွင် စပါးရိုးပြတ်များကြား၌ သီးထပ်၊ သီးညှပ်အဖြစ် ကုလားပဲသီးနှံနှင့် နေကြာသီးနှံများကို ရာသီအမီရေသွင်း စိုက်ပျိုးလျက်ရှိကြောင်း သတင်းရရှိသည်။

DOCA(စစ်ကိုင်း)

## ကုန်စည်ကူးသန်း စည်ကားနေသော ကော့သောင်းမြို့

ကော့သောင်းကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ပို့ကုန်အနေဖြင့် ငါးမျိုးစုံ ၁၇၉၅ တန်၊ ဆီအုန်းသီး တန် ၁၉၀ နှင့် ဆီအုန်းစေ့တန် ၉၀ တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်အနေဖြင့် ရေသန့်ဆေးရည် (cleaning Liquid) တစ်တန်၊ ရှူဆေးဘူး (အသက်ရှူကြပ်လျှင် ရှူသောဆေးရည်) ၆၆၀ ကီလိုဂရမ်၊ ကားဆေးမှုတ်ရန်အတွက် ခံဆေးရည် ငါးတန်၊ ပီလောပီနံမှုန့် တန် ၁၂၀ တင်သွင်းခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ဘတ် ၁၂၅၀၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၈၀ ကျပ်ခန့်ဖြစ်ပြီး ငွေကြေးဈေးကွက်မှာ အနည်းငယ်ကျဆင်းလျက်ရှိကြောင်း သိရသည်။

စက်သုံးဆီဈေးနှုန်းမှာ တည်ငြိမ်လျက်ရှိပြီး ငွေလဲနှုန်းပြောင်းလဲမှုအရ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းဈေးနှုန်းများ အနည်းငယ်ပြောင်းလဲမှုရှိကြောင်း သတင်းရရှိသည်။

# မသန်စွမ်းမဲဆန္ဒရှင်များ၏ ရွေးကောက်မှုအခွင့်အရေးနှင့် ကဏ္ဍစုံတွင် ပါဝင်မှုမြှင့်တင်ရေး

## မဲဆန္ဒရှင်တစ်ဦး

❑ **ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အတွက် ပညာပေးသင်တန်းများ၊မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက် ရွေးကောက်ပွဲ ပညာပေးသင်တန်းများတွင် မသန်စွမ်းသူမဲဆန္ဒရှင်များအတွက် ဆောင်ရွက်ပေးရမည့် ဥပဒေပါ အခွင့်အရေးများ ဆွေးနွေးပို့ချပေးခြင်း၊ လက်တွေ့သရုပ်ပြသင်ကြားပေးခြင်းတို့ဖြင့် မဲဆန္ဒရှင်အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့**

### နိဒါန်း

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၃ ရက်သည် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းတွင် ၁၉၉၂ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၄ ခုနှစ်တွင် စတင်ကျင်းပခဲ့ရာ ယခုနှစ်သည် (၂၉) ကြိမ်မြောက်ဖြစ်ပါသည်။ ယခုနှစ်၏ အထိမ်းအမှတ်ဆောင်ပုဒ်မှာ **"Transformative solutions for inclusive development: the role of innovation in fuelling an accessible and equitable world"** ဖြစ်ပြီး **"အားလုံးပါဝင်ဖွံ့ဖြိုးဖို့၊ ဆန်းသစ်တီထွင် အဖြေရှာစို့။ အားလုံးလက်လှမ်းမီညီမျှရေး၊ တီထွင်ဖန်တီးမှုစွမ်းအားဖြင့် ဆောင်ရွက်ပေး"**ဟူ၍ မြန်မာဘာသာသို့ ပြန်ဆိုထားရှိကြောင်း လေ့လာဖတ်ရှုရပါသည်။ မသန်စွမ်းသူများအတွက် ခွဲခြားဆက်ဆံမှုကင်းစင်ရေး၊ အခြေခံလူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အများနည်းတူ မျှမျှတတရရှိရေး၊ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာအပါအဝင် နယ်ပယ်အသီးသီးတွင် ပေါင်းစည်းပါဝင်နိုင်ရေး၊ မသန်စွမ်းသူများ လူ့ဂုဏ်သိက္ခာနှင့်အညီ ရပ်တည်နေထိုင်နိုင်ရေးနှင့် လူမှုစီးပွားလုံခြုံစိတ်ချမှုအတွက် တီထွင်ဖန်တီးဆောင်ရွက်ပေးနိုင်ရေးတို့သည် ကျယ်ပြန့်သောအကြောင်းခြင်းရာများဖြစ်ပြီး ယင်းတို့အနက် နိုင်ငံသားများဖြစ်ကြသော မသန်စွမ်းသူများ၏ ရွေးကောက်မှုဆိုင်ရာအခွင့်အရေးများသည် မသန်စွမ်းသူများ အသိုက်အဝန်းတစ်ရပ်လုံးအတွက် အခြေခံကျသော နိုင်ငံရေးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်း ယုံကြည်မိပါသည်။

### ဖွဲ့စည်းပုံအခြေခံဥပဒေပါအခြေခံမူများ

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂ ပုဒ်မခွဲ(က)တွင် **"နိုင်ငံတော်သည် မိခင်နှင့် ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်"**ဟု ပြဋ္ဌာန်းထားရာ မသန်စွမ်းသူများဂုဏ်သိက္ခာရှိစွာဖြင့် အမှီအခိုကင်းစွာ ဘဝရပ်တည်နေထိုင်နိုင်ရေးအတွက် အသက်မွေးဝမ်းကျောင်းပညာရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ကိုယ်ပိုင်ဝင်ငွေရရှိရေး၊ မသန်စွမ်းသူများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ပေးရေးနှင့် မြှင့်တင်ပေးရေးတို့သည် နိုင်ငံတော်က ကြည့်ရှုစောင့်ရှောက်ပေးရမည့် အမျိုးသားရေးလုပ်ငန်းတာဝန်ဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈ ပုဒ်မခွဲ (က)တွင် **"နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်"**ဟုလည်း ပြဋ္ဌာန်းထားသည်ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် မဆန့်ကျင်လျှင် မသန်စွမ်းမဲဆန္ဒရှင်များသည် လွှတ်တော်ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးခွင့်နှင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တစ်ရပ်ရပ်သို့လည်း ကိုယ်တိုင်ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများဖြစ်ကြပါသည်။

### ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်း

ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်း **(UNITED NATIONS CONVENTION ON THE RIGHTS OF PERSONS WITH DISABILITIES)** သဘောတူစာချုပ်ကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ကြေညာခဲ့ရာ ကမ္ဘာ့နိုင်ငံများက လက်မှတ်ရေးထိုးခဲ့ကြသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကလည်း ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် သဘောတူစာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ သဘောတူစာချုပ်အပိုဒ် (၁)တွင် **"ဤကွန်ဗင်းရှင်း၏ ရည်ရွယ်ချက်မှာ မသန်စွမ်းသူတိုင်း လူ့အခွင့်အရေးအားလုံးနှင့် အခြေခံလွတ်လပ်ခွင့်များကို ညီမျှစွာအပြည့်အဝရရှိရေးတို့ကို ကာကွယ်စောင့်ရှောက်ရန်၊ တိုးမြှင့်လုပ်ဆောင်ရန်၊ သေချာစေရန်နှင့် မသန်စွမ်းသူများ၏ မွေးရာပါဂုဏ်သိက္ခာကို ပိုမိုလေးစားမှုရှိစေရန်ဖြစ်ကြောင်း"** ဖော်ပြထားပါသည်။ သဘောတူစာချုပ်တွင် မသန်စွမ်းသူများအတွက် ရွေးကောက်မှုဆိုင်ရာအခွင့်အရေးနှင့်စပ်လျဉ်း၍ **အပိုဒ် (၂၉) နိုင်ငံရေးနှင့် ပြည်သူ့ဘဝနယ်ပယ်များ၌ ပါဝင်ဆောင်ရွက်ခြင်း**ခေါင်းစဉ်ဖြင့် သတ်မှတ်ပေးထားပါသည်။ အပိုဒ် (၂၉) အပိုဒ်ခွဲ (က)တွင် **"အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများအား အခြားသူများနည်းတူ နိုင်ငံရေးပါဝင်ဆောင်ရွက်ခွင့်ရရှိမှုကို အာမခံရမည်။ အဖွဲ့ဝင်နိုင်ငံများသည် မသန်စွမ်းသူများ အခြားသူများနည်းတူ နိုင်ငံရေးနှင့် ပြည်သူ့ဘဝနယ်ပယ်များ၌ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ကို လွတ်လပ်စွာ ရွေးချယ်၍ဖြစ်စေ ပါဝင်ဆောင်ရွက်ခွင့်ရရှိမှု သေချာအောင် ဆောင်ရွက်ပေးရမည်။ ယင်းတို့တွင် မသန်စွမ်းသူများ၏ တန်းတူမဲပေးပိုင်ခွင့်နှင့် ကိုယ်တိုင်ရွေးချယ်ခံပိုင်ခွင့်ရရှိမှု သေချာစေရေးအတွက် မဲပေးရေးလုပ်ငန်းအစီအစဉ်များ၊ အကူအညီပေးမှုများနှင့် အသုံးအဆောင်ပစ္စည်းများသည် မသန်စွမ်းသူများအတွက် သင့်လျော်မှု၊ ချဉ်းကပ်ဝင်ရောက်ရန် လွယ်ကူမှု၊ အလွယ်တကူ နားလည်သဘောပေါက် အသုံးပြုနိုင်မှုရှိရမည်။ ရွေးချယ်တင်မြှောက်ပွဲနှင့် ပြည်သူ့ဆန္ဒခံယူပွဲတို့၌ မသန်စွမ်းသူတို့အား လျှို့ဝှက်ဆန္ဒမဲပေးနိုင်သည့်အခွင့်အရေးကို ခြိမ်းခြောက်ခံရခြင်းမရှိဘဲ ဆောင်ရွက်နိုင်ရန် ကာကွယ်ပေးရမည်။ ထို့ပြင် ယှဉ်ပြိုင်ရွေးချယ်ခံ၍ ရုံးဖွင့်လုစ်ရေး၊ အစိုးရအဖွဲ့၏ အဆင့်တိုင်း၌ ပြည်သူ့ရေးရာလုပ်ငန်းများကို ဆောင်ရွက်ရေးတို့တွင် အကူအားပြုကိရိယာများနှင့် နည်းပညာအသစ်များ အသုံးပြုရေးတို့အတွက် အဆင်ပြေအောင်စီစဉ်ပေးရမည်။ မသန်စွမ်းသူများသည် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်သည့်အပြင် ၎င်းတို့၏ ဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်ရန်နှင့် ၎င်းတို့၏ ဆန္ဒအတိုင်းမဲပေးနိုင်ရေးအတွက် ၎င်းတို့၏ တောင်းဆိုချက်အရ လိုအပ်ပါက မဲထည့်ရာ၌ ၎င်းတို့စိတ်ကြိုက်ရွေးချယ်သော သူ၏ အကူအညီဖြင့် မဲထည့်ခြင်းကို ခွင့်ပြုရမည်"** ဟု ဖော်ပြပါရှိပါသည်။

### မသန်စွမ်းမဲဆန္ဒရှင်များအတွက် ရွေးကောက်ပွဲဥပဒေပါ အခွင့်အရေးများ ဖော်ဆောင်ပေးလျက်ရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားသည့် ကုလသမဂ္ဂမသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းအရ မသန်စွမ်းသူများ၏ ရွေးကောက်မှုဆိုင်ရာအခွင့်အရေး ပိုမိုမြှင့်တင်နိုင်ရေးအတွက် ကွန်ဗင်းရှင်း၏ အပိုဒ်(၂၉)နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၈-၇-၂၀၁၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၄) ဖြင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများတွင် ဖြည့်စွက်ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ပါသည်။ ရွေးကောက်ပွဲဥပဒေတွင် မသန်စွမ်းမှုအတွက် ကန့်သတ်ချက်မရှိပါ။ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများအရ မသန်စွမ်းသူများအတွက် ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးများနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ မဲစာရင်းပြုစုရာတွင် မသန်စွမ်းမဲဆန္ဒရှင်များမကျန်စေဘဲ ပြုစုခြင်းလုပ်ငန်းစဉ်၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းလုပ်ငန်းစဉ်၊ မဲရုံများဆောက်လုပ်ရာတွင် မသန်စွမ်းသူများ အဆင်ပြေချောမွေ့စွာ ဝင်ရောက်ဆန္ဒမဲပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ပေးခြင်းလုပ်ငန်းစဉ်နှင့် မသန်စွမ်းသူကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်သောသူတစ်ဦး၏ အကူအညီဖြင့် ဆန္ဒမဲပေးခြင်းတို့ကို ဥပဒေပါအခွင့်အရေးများအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၊ မြန်မာနိုင်ငံမျက်မမြင်အသင်းချုပ်၊ မသန်စွမ်းသူများအသင်းအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများပူးပေါင်း၍ မသန်စွမ်းသူများ ရွေးကောက်ပွဲတွင် ပါဝင်ခြင်းအခန်းကဏ္ဍ မြှင့်တင်ရေးအစီအစဉ်များကို ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။ ရွေးကောက်ပွဲများမတိုင်မီ မဲရုံအလိုက် မသန်စွမ်းသူအမျိုးအစားခွဲခြား၍ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အတွက် ပညာပေးသင်တန်းများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက် ရွေးကောက်ပွဲ ပညာပေးသင်တန်းများတွင် မသန်စွမ်းသူမဲဆန္ဒရှင်များအတွက် ဆောင်ရွက်ပေးရမည့် ဥပဒေပါအခွင့်အရေးများ ဆွေးနွေးပို့ချပေးခြင်း၊ လက်တွေ့သရုပ်ပြသင်ကြားပေးခြင်းတို့ဖြင့် မဲဆန္ဒရှင်အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်သည့် ရွေးကောက်ပွဲဆိုင်ရာသင်တန်းများတွင် **"အားလုံးပါဝင်သော ရွေးကောက်ပွဲနှင့် မသန်စွမ်းသူများအခန်းကဏ္ဍ"**ကို သီးခြားခေါင်းစဉ်တစ်ရပ်အနေဖြင့် သင်ကြားပို့ချပေးလျက်ရှိပါသည်။

မသန်စွမ်းမဲဆန္ဒရှင်များ မဲရုံအတွင်း အလွယ်တကူသွားလာနိုင်ရန်၊ ဆန္ဒမဲပေးခြင်းလွယ်ကူစေရန်တို့အတွက် မဲရုံအဝင်အထွက်၊ အတက်အဆင်းများတွင် ပြေပြစ်သော လျှောစောက်ဆောင်ရွက်ခြင်း၊ မဲရုံအတွင်းလျှောက်လမ်းများတွင် လက်ကိုင်တန်း သို့မဟုတ် ကြိုးတန်းများထားရှိပေးခြင်း၊ ဝှီးချဲ အလွယ်တကူဝင်ထွက်နိုင်ရန် သင့်လျော်သော အကွာအဝေးထားရှိခြင်း၊ ဆန္ဒပြုခန်းနှင့် မဲပုံးတင်ထားသည့် စားပွဲများ ရှိရာသို့ မသန်စွမ်းမဲဆန္ဒရှင်များ အလွယ်တကူသွားရောက်နိုင်ရန် စီစဉ်ထားရှိခြင်းတို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြီးကြပ်မှုဖြင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က မဲရုံအဆင့်အထိ စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ဆောင်ရွက်ပေးခဲ့ပါသည်။ မသန်စွမ်းမဲဆန္ဒရှင်အများစုရှိသည့်နေရာများတွင် စံပြမဲရုံများ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့သည်။

### မျက်မမြင်လက်စမ်းစာကတ်ပြားဖြင့် ဆန္ဒမဲပေးခြင်း ဆောင်ရွက်ပေးနိုင်ခဲ့

ပြီးခဲ့သောရွေးကောက်ပွဲများတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံမသန်စွမ်းသူများအသင်းချုပ်၊ မြန်မာနိုင်ငံမျက်မမြင်အသင်းချုပ်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ရန်ကုန်မြို့ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၊ မုံရွာမြို့ ရောင်ခြည်သစ်မျက်မမြင်ကျောင်း၊ စစ်ကိုင်းမြို့ လူမှုဝန်ထမ်းမျက်မမြင်ကျောင်းနှင့် ပခုက္ကူမြို့ မျက်မမြင်ကျောင်းတို့မှ အမြင်အာရုံမသန်စွမ်း မဲဆန္ဒရှင်များအတွက် စံပြမဲရုံများ ဖွင့်လှစ်ပေးပြီး **မျက်မမြင် လက်စမ်းစာကတ်ပြား (Braille Template)** အသုံးပြု၍ အမြင်အာရုံမသန်စွမ်းမဲဆန္ဒရှင်က အကူဖြင့်မဟုတ်ဘဲ ဆန္ဒမဲလက်မှတ်ပေါ်တွင် မိမိနှစ်သက်ရာကိုယ်စားလှယ်လောင်းအား ကိုယ်တိုင်ရွေးချယ်ဆန္ဒပြုနိုင်သည့်စနစ်ကို ရွေးကောက်ပွဲမှတ်တမ်းတစ်ခုအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

### မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေပါလုပ်ငန်းတာဝန်များ

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကုလသမဂ္ဂ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ ကွန်ဗင်းရှင်းတို့အရ ၂၀၁၅ ခုနှစ် ဇွန် ၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်က မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး မသန်စွမ်းသူများ၏ အခွင့်အရေးနည်းဥပဒေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၁၂၄/ ၂၀၁၇)ဖြင့် ထုတ်ပြန်ခဲ့ပါသည်။ ဥပဒေပုဒ်မ ၄ အရ ယင်းဥပဒေ၏ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် လမ်းညွှန်မှု၊ စီမံခန့်ခွဲမှုနှင့် ကြီးကြပ်ကွပ်ကဲမှုများပြုလုပ်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းထားရှိပါသည်။ မသန်စွမ်းသူများအတွက် ရွေးကောက်တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ ယင်းဥပဒေ အခန်း (၈) မသန်စွမ်းသူများ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေးခေါင်းစဉ်ဖြင့် ပုဒ်မ ၂၉ တွင် **"ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မသန်စွမ်းသူတိုင်းသည် လွှတ်တော်တစ်ရပ်ရပ်အတွက် လျှို့ဝှက်ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်"**ဟု ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၃၀ တွင် **"မသန်စွမ်းသူ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ လွှတ်တော်တစ်ရပ်ရပ်တွင် ရွေးချယ်ခံပိုင်ခွင့်ရှိသည်"**ဟု ပြဋ္ဌာန်းထားပါသည်။ နည်းဥပဒေများ အခန်း(၆) မသန်စွမ်းသူများ နိုင်ငံရေးနှင့် ပြည်သူ့ရေးရာနယ်ပယ်များတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး ခေါင်းစဉ်ဖြင့် နည်းဥပဒေ ၂၆ နှင့် နည်းဥပဒေ ၂၇ တို့တွင် မသန်စွမ်းသူများ၏ ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးရမည့် လုပ်ငန်းစဉ်များကို သတ်မှတ်ဖော်ပြပေးထားပါသည်။

*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၁၀ မှ

### မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ အစည်းအဝေး (၂/၂၀၂၂)ကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၅ ရက်က နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားရာတွင် **"... မသန်စွမ်းသူများအတွက် အလွန်အကျိုးရှိစေမည့် မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ကနဦးစီမံကိန်းနယ်မြေ လေးခုဖြစ်သည့် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တို့တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းဖြင့် မသန်စွမ်းမှုအဆင့်အလိုက် လိုအပ်သော ပံ့ပိုးမှုများကို သိရှိပံ့ပိုးပေးနိုင်မည်ဖြစ်သကဲ့သို့ မသန်စွမ်းသူများမှတ်ပုံတင်ခြင်းဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မသန်စွမ်းသူများအပေါ် ကူညီထောက်ပံ့မှုများ ထိထိရောက်ရောက် ဆောင်ရွက်လာနိုင်မည်ဖြစ်၍ မသန်စွမ်းသူများအတွက် အလွန်အကျိုးရှိစေမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အတွက် တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်စေရေး စီမံကိန်းရေးဆွဲ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရာတွင် မသန်စွမ်းသူမှတ်ပုံတင်ခြင်းလုပ်ငန်းကို တစ်ပြိုင်တည်းဆောင်ရွက်နိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ..."** မှာကြားခဲ့ပါသည်။

ထို့အတူ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၀ ရက်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုခြင်းဆိုင်ရာ အစည်းအဝေးတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားရာတွင် **"... မဲစာရင်းများမှန်ကန်စေရန် ပထမအဆင့်အနေဖြင့် နိုင်-၄ နှင့်ပတ်သက်သည့် စာရင်းဇယားများကို အတိအကျဖြစ်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွန်ပျူတာစနစ်ဖြင့် စစ်ဆေးပြီးနောက် ပုံစံ (၆၆/၆) ကို ဆော့ဖ်ဝဲနည်းပညာဖြင့် စစ်ဆေးခဲ့ကြောင်း၊ တတိယအဆင့်အနေဖြင့် ပုံစံ (၆၆/၆) ပါ မှားယွင်းမှုများကို မြေပြင်တွင် သေချာစွာစိစစ်ပြုပြင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ မှန်ကန်စွာစာရင်းဇယားကောက်ယူနိုင်မှသာ နောင်ဆက်လက်ဆောင်ရွက်မည့် e-ID စနစ်တွင် မှန်ကန်သည့်အချက်များ ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် နိုင်-၄၊ ပုံစံ (၆၆/၆) ကိစ္စရပ်များနှင့်ပတ်သက်၍ မြေပြင်စာရင်းကောက်ယူသည့်အခါ မသန်စွမ်းအမျိုးအစား လေးမျိုးကိုလည်း သေချာစွာ ရေးသားဖော်ပြနိုင်ရန်လိုကြောင်း"** ထည့်သွင်းမှာကြားခဲ့ပါသည်။

### မသန်စွမ်းမဲဆန္ဒရှင် အမျိုးအစားစာရင်းရရှိရေး

မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပုံစံ (၆၆/၆) များနှင့်ပတ်သက်၍ မြေပြင်စာရင်းကောက်ယူချိန်တို့တွင် မသန်စွမ်းအမျိုးအစား လေးမျိုးကိုပါ တစ်ပါတည်း စိစစ်ကောက်ယူနိုင်ခြင်းအားဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လာမည့်ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရာတွင် မသန်စွမ်းမဲဆန္ဒရှင်အမျိုးအစားလေးမျိုး စာရင်းရရှိရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ မဲရုံအလိုက်၊ ရပ်ကွက်ကျေးရွာအုပ်စုအလိုက် မသန်စွမ်းမဲဆန္ဒရှင်အချက်အလက်များရရှိမှသာ သက်ဆိုင်ရာ မဲရုံများတွင် မသန်စွမ်းသူများ လွယ်ကူချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေးနှင့် ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျယ်ကျယ်ပြန့်ပြန့် စီမံဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက တတိယအဆင့်ဆောင်ရွက်မည့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆)များ မြေပြင်စိစစ်ခြင်းလုပ်ငန်းစဉ်အတွက် လုပ်ငန်းအဖွဲ့အဆင့်ဆင့်နှင့် ကွင်းဆင်းကောက်ယူမည့်အဖွဲ့များအား သင်တန်းပေးချိန်တွင် မသန်စွမ်းအမျိုးအစားလေးမျိုး စာရင်းကောက်ယူခြင်း စနစ်တကျဖြစ်စေရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပါဝင်ပို့ချဆွေးနွေးပေးရန် လိုအပ်မည်ဖြစ်ပါသည်။

> ❖ **ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ ထုတ်ပြန်ချက်အရ ကမ္ဘာ့လူဦးရေ၏ သန်းတစ်ထောင်ကျော်သည် မသန်စွမ်းမှုတစ်မျိုးမျိုး ခံစားနေရသူများဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ထုတ်ပြန်ချက်အရလည်း နိုင်ငံလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်း (၂ ဒသမ ၇ သန်းကျော်) သည် မသန်စွမ်းသူများဖြစ်ကြောင်း သိရ**

### ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ် အမှတ်စဉ် (၅)အရ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျင်းပပေးရမည်ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လာမည့်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်သည်။ လွှတ်တော်ရွေးကောက်ပွဲဥပဒေများ အသစ်ပြဋ္ဌာန်းနိုင်ရေးအတွက်ဆောင်ရွက်ခြင်း၊ ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့် ရုံးဝန်ထမ်းများအား လေ့ကျင့်သင်တန်းပေးခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) ကို အခြေခံထားသည့် အခြေခံလူဦးရေစာရင်းများနှင့် မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင်စိစစ်ခြင်းတို့ ဆောင်ရွက်နေပြီဖြစ်ပါသည်။

ရွေးကောက်ပွဲဥပဒေအရ နိုင်ငံသားတစ်ဦးအနေဖြင့် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်အခွင့်အရေးကို ကျင့်သုံးနိုင်ရန်အတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပေးသည့် နိုင်ငံသားဖြစ်ကြောင်း အထောက်အထား၊ နိုင်ငံသားကတ်တစ်မျိုးမျိုးနှင့် နေထိုင်ကြောင်း အထောက်အထား၊ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) ရှိရန် လိုပါသည်။ ပုံစံ (၆၆/၆) ရှိရာ ရပ်ကွက်ကျေးရွာအုပ်စု၏ မဲစာရင်းတွင်သာ မိမိအမည်ပါဝင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံသားဖြစ်သည့် မသန်စွမ်းမဲဆန္ဒရှင်များအနေဖြင့်လည်း ဥပဒေပါအခွင့်အရေးဖြစ်သော မိမိတို့၏ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်အတွက် မဲစာရင်းတွင် ပါဝင်ရန် နိုင်ငံသားကတ်တစ်မျိုးမျိုးနှင့် နေထိုင်ကြောင်းအထောက်အထား အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆) ရှိရန် လိုအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။ ရွေးကောက်ပွဲတွင် မသန်စွမ်းသူများပါဝင်ခြင်း အခန်းကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မသန်စွမ်းအဖွဲ့အစည်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

### ပြောင်းလဲကျင့်သုံးမည့် အချိုးကျကိုယ်စားပြုစနစ်နှင့် မသန်စွမ်းမဲဆန္ဒရှင်များ အခန်းကဏ္ဍ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လာမည့်ရွေးကောက်ပွဲတွင် လူထုကိုယ်စားပြုမှု ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်ပေးနိုင်ရန် အချိုးကျကိုယ်စားပြုစနစ် ပြောင်းလဲကျင့်သုံးမည်ဖြစ်ပါသည်။ အချိုးကျကိုယ်စားပြုစနစ်ဆိုသည်မှာ မဲဆန္ဒနယ်တစ်နယ်တွင် တစ်ဦးထက်ပိုသော လွှတ်တော်ကိုယ်စားလှယ်များအား ရွေးကောက်တင်မြှောက်ရန် မဲဆန္ဒနယ်မြေကို ကျယ်ပြန့်စွာသတ်မှတ်ပြီး ယင်းမဲဆန္ဒနယ်မှ ရွေးကောက်တင်မြှောက်ရမည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေသတ်မှတ်ပေးကာ နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ယှဉ်ပြိုင်စေခြင်းဖြစ်သည်။ နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ထောက်ခံဆန္ဒမဲအရေအတွက်ပေါ်မူတည်၍ အချိုးကျကိုယ်စားပြုစနစ်ဖြင့် တွက်ချက်ပြီး ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်အရေအတွက်အား သတ်မှတ်ပေးသည့်စနစ်ဖြစ်ပါသည်။ နိုင်ငံရေးမူဝါဒအခြေပြုပါတီများ၊ တိုင်းရင်းသားလူမျိုးစုအခြေပြုပါတီများ၊ နယ်မြေဒေသအခြေပြုပါတီများ၊ လူနည်းစုကိုယ်စားပြုပါတီများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မိမိတို့ရရှိသည့် ထောက်ခံမဲအချိုးအစားပေါ်မူတည်ပြီး ရွေးကောက်တင်မြှောက်ခံရနိုင်သည့်စနစ်ဖြစ်ပါသည်။ အုပ်ချုပ်ရေးနှင့် ဥပဒေပြုလွှတ်တော်များတွင် ပါတီစုံမှ ကိုယ်စားပြုနေရာများ ပိုမိုရရှိလာမည်ဖြစ်ပါသည်။

PR စနစ်အမျိုးအစားအများအပြားရှိသည့်အနက် နိုင်ငံတကာတွင် အသုံးများပြီး မဲဆန္ဒရှင်များ လွယ်ကူစွာ ဆန္ဒမဲပေးနိုင်ကာ ရွေးကောက်ပွဲရလဒ် တွက်ချက်ရာတွင် ရိုးရှင်းလွယ်ကူသည့် စာရင်းပိတ်အချိုးကျကိုယ်စားပြုစနစ် (Closed List-PR)ဖြင့် ရွေးကောက်ပွဲကျင်းပသွားမည်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသတစ်ခုစီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးစီနှင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်တို့ကို ယခင်ရွေးကောက်ပွဲများအတိုင်း မဲများသူအနိုင်ရရှိသည့်စနစ်ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ကျန်မဲဆန္ဒနယ်များအတွက် PR စနစ် ကျင့်သုံးသွားမည်ဖြစ်ပါသည်။ Closed List-PR စနစ်သည် ဆန္ဒမဲလက်မှတ်ပေါ်တွင် နိုင်ငံရေးပါတီအမည်နှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းအမည်ကို ဖော်ပြထားခြင်းဖြစ်ပြီး မဲဆန္ဒရှင်က မိမိနှစ်သက်ရာ နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းတစ်ဦးကို ရွေးချယ်ဆန္ဒပြုရခြင်း ဖြစ်ပါသည်။ ပထမအဆင့်အနေဖြင့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလများရရှိသည့် ထောက်ခံဆန္ဒမဲများကို မဲဝေစု (Quota) နည်းဖြင့် ကိုယ်စားလှယ်ဦးရေတွက်ချက်ပြီး သတ်မှတ်ကိုယ်စားလှယ်အရေအတွက် ပြည့်မီခြင်းမရှိသေးပါက ဒုတိယအဆင့်အနေဖြင့် အကြွင်းမဲအများဆုံးစနစ် (The Largest Remainder)နည်းဖြင့် ကြွင်းကျန်မဲ အများ၊ အနည်းအလိုက် ကိုယ်စားလှယ်တစ်ဦးစီ ထပ်ဆောင်းတွက်ချက်ပေးခြင်း နည်းစနစ်ဖြစ်ပါသည်။ ထောက်ခံဆန္ဒမဲ မဲဝေစု(Quota) တစ်စုရရှိသည်နှင့် ကိုယ်စားလှယ်တစ်ဦး ရွေးကောက်ခံရသည့်စနစ်ဖြစ်သဖြင့် ပါတီစုံနှင့် လူနည်းစုများအတွက် ကိုယ်စားပြုမှုကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ထုတ်ပြန်ချက်အရ ကမ္ဘာ့လူဦးရေ၏ သန်းတစ်ထောင်ကျော်သည် မသန်စွမ်းမှုတစ်မျိုးမျိုး ခံစားနေရသူများဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းထုတ်ပြန်ချက်အရလည်း နိုင်ငံလူဦးရေ၏ ၄ ဒသမ ၆ ရာခိုင်နှုန်း (၂ ဒသမ ၇ သန်းကျော်)သည် မသန်စွမ်းသူများဖြစ်ကြောင်း သိရသည်။ လူ့အသိုက်အဝန်းထဲမှ လူသားများ၊ လူသားထဲမှ နိုင်ငံသားများဖြစ်ကြသည့် မသန်စွမ်းသူများအား ကမ္ဘာ့အကြီးဆုံးလူနည်းစုအုပ်စုအဖြစ် သတ်မှတ်ထားကြပါသည်။ မြန်မာနိုင်ငံတွင်လည်း ရပ်ကွက်နှင့် ကျေးရွာတိုင်းတွင် မသန်စွမ်းမှုတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ခံစားနေရသူ မသန်စွမ်းမဲဆန္ဒရှင်များရှိနေနိုင်ပါသည်။ မသန်စွမ်းမဲဆန္ဒရှင်များအတွက် ကိုယ်စားပြုမှုကို ပိုမိုမြှင့်တင်ပေးကြရမည် ဖြစ်ပါသည်။ မသန်စွမ်းမဲဆန္ဒရှင်များအတွက် အခြေခံလူ့အခွင့်အရေးများ မျှမျှတတရရှိရေး၊ လူမှုစီးပွားမြင့်မားရေးနှင့် ကဏ္ဍစုံတွင် ပါဝင်မှုမြှင့်တင်ရေးတို့ကို အလေးဂရုပြုမည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲတွင် အားကောင်းရန် လိုပါသည်။ ထို့ပြင် မသန်စွမ်းမဲဆန္ဒရှင်ကိုယ်တိုင်လည်း ပါတီကိုယ်စားပြု၍ဖြစ်စေ၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းအနေဖြင့်ဖြစ်စေ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ပြီး မသန်စွမ်းသူများအသိုက်အဝန်းအတွက် ကိုယ်စားပြုမှုကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပါသည်။

### နိဂုံး

သို့ဖြစ်ပါ၍ ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်းနှင့် မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေနှင့် နည်းဥပဒေများပါ မသန်စွမ်းသူများ၏ အခန်းကဏ္ဍကို တိုးမြှင့်ဖော်ဆောင်ပေးနိုင်ရန်နှင့် လာမည့်ရွေးကောက်ပွဲများတွင် မသန်စွမ်းသူများအတွက် ကိုယ်စားပြုမှုနှင့် ရွေးကောက်မှုဆိုင်ရာ အခွင့်အရေးများကို ပိုမိုကျယ်ပြန့်စွာ ဆက်လက်မြှင့်တင်ပေးနိုင်ရန်တို့အတွက် ရွေးကောက်ပွဲတာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းမဲဆန္ဒရှင်တစ်ဦးအနေဖြင့် ယခုနှစ်၏ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အတွက် လေးစားစွာဖြင့် ဂုဏ်ပြုရေးသားဖော်ပြအပ်ပါသည်။ ။


**ကိုးကား -**

- **ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာကွန်ဗင်းရှင်း**
- **ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)**
- **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတ်တမ်းများ**
- **လွှတ်တော်ရွေးကောက်ပွဲ ဥပဒေနှင့် နည်းဥပဒေများ**
- **မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေနှင့် နည်းဥပဒေများ**
- **မသန်စွမ်းမှုဆိုင်ရာ ဝေါဟာရအသုံးအနှုန်းများ လက်စွဲလမ်းညွှန်စာအုပ်**

# ဂျပန်ရေပိုင်နက်တစ်ဝန်း ထောက်လှမ်းမှုများပိုမိုလုပ်ဆောင်နိုင်ရန် ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့ ဒရုန်းယာဉ်များ ပိုမိုဖြန့်ကြက်သွားမည်




မောင်းသူမဲ့ ဒရုန်းယာဉ်ကို တွေ့ရစဉ်။

တိုကျို ဒီဇင်ဘာ ၅

**ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့သည် ဂျပန်ရေပိုင်နက်တစ်ဝန်း ထောက်လှမ်းရေးများ ပိုမိုလုပ်ဆောင်နိုင်ရန် ဒရုန်းယာဉ်များကို ပိုမိုဖြန့်ကြက်သွားရန် စီစဉ်လျက်ရှိသည်။**

ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့သည် လက်ရှိ ထောက်လှမ်းရေးဆောင်ရွက်နေသည့် SeaGuardian ယာဉ်အရေအတွက်ကို တစ်စင်းမှ ဧပြီလမတိုင်မီ သုံးစင်းအထိ တိုးမြှင့်သွားမည်ဖြစ်ပြီး နောက်ပိုင်းတွင် ယခုထက်အရေအတွက် ပိုတိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် အောက်တိုဘာလတွင် စတင်အသုံးပြုခဲ့သော အဆိုပါယာဉ်သည် မြေပြင်မှ ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့ အရာရှိများက ပြောသည်။ ယာဉ်၏ပုံရိပ်ကို တိကျစွာဖမ်းယူနိုင်သည့် အဆင့်မြင့်ကင်မရာများသည် အမြင့်မီတာ ၃၀၀၀ ကျော်မှနေပြီး သင်္ဘောများနှင့် တခြားအရာဝတ္ထုများကို ထောက်လှမ်းနိုင်မည်ဖြစ်ပြီး ညဘက်တွင် အနီအောက်ရောင်ခြည်သုံးပြီး အမျိုးအမည်ခွဲခြားနိုင်မည်ဖြစ်ကြောင်း သိရသည်။

SeaGuardian ယာဉ်အမျိုးအစားသည် ၂၄ နာရီကျော်ကြာအောင် မရပ်မနား ပျံသန်းနိုင်မည်ဖြစ်ပြီး အချိန်နှင့်တစ်ပြေးညီ ပုံရိပ်များကို ပြန်လည်ပေးပို့နိုင်မည် ဖြစ်သည်။

ရေပိုင်နက်ကို ကမ်းလှည့်စောင့်ကြည့်ရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အဆိုပါယာဉ်များကို အသုံးပြုသွားမည်ဖြစ်ကြောင်း အရာရှိများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှား၌ ၂၀၃၉ ခုနှစ်တွင် နျူကလီးယားစက်ရုံ တည်ဆောက်မည်

ဂျကာတာ ဒီဇင်ဘာ ၅

ဓာတ်ငွေ့ထုတ်လွှတ်မှု လုံးဝကင်းစင်စေရန်နှင့် ပြည်တွင်းစွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အင်ဒိုနီးရှားနိုင်ငံသည် ၂၀၃၉ ခုနှစ်တွင် နျူကလီးယားစက်ရုံတစ်ရုံတည်ဆောက်ရန် ရည်ရွယ်ချက်ထားလုပ်ဆောင်လျက်ရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ နျူကလီးယားစွမ်းအင်အေဂျင်စီက ဒီဇင်ဘာ ၄ ရက်တွင် ပြောကြားလိုက်သည်။

နျူကလီးယားတပ်ဆင်ခြင်းနှင့် ပစ္စည်းထိန်းချုပ်ရေးဆိုင်ရာ အေဂျင်စီ၏ညွှန်ကြားရေးမှူး ဟယ်အင်န်ဒရာ ဇူဘက်တီက အဆိုပါလုပ်ငန်းကို အကောင်အထည်ဖော်ရန် ကြေညာချက်တွင် ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် လတ်တလောတွင် အဆိုပါစက်ရုံ တည်ဆောက်ရေးတွင် ဘဏ္ဍာငွေကြေးဆိုင်ရာကူညီမှုများရရှိရန် ရင်းနှီးမြှုပ်နှံသူများကို ရှာဖွေလျက်ရှိသည်။

နျူကလီးယားအဆောက်အအုံ ဘေးကင်းစိတ်ချရေးအတွက် မိမိတို့တွင် စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားကြောင်း၊ နျူကလီးယားစက်ရုံနေရာအတွက် ပြင်ဆင်မှုများလုပ်ဆောင်ထားကြောင်း၊ အစမ်းမောင်းနှင်ရန်လည်း လုပ်ဆောင်ထားကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များအားလုံးပြီးဆုံးတော့မည်ဖြစ်ကြောင်း ဇူဘက်တီက ပြောသည်။

ထို့ပြင် နျူကလီးယားစက်ရုံနေရာသည် ငလျင်ဘေးကင်းဝေးသည့်ဒေသတွင် တည်ရှိရမည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

ယခုအချိန်တွင် အဆိုပါလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံလိုသည့် ပုဂ္ဂလိက ကုမ္ပဏီအနည်းငယ်ရှိလာပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဆင်ဟွာ

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် နှစ်ဦးထပ်မံသေဆုံး

နယူးဒေလီ ဒီဇင်ဘာ ၅

အိန္ဒိယနိုင်ငံ၌ ဒီဇင်ဘာ ၅ ရက်တွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၂၆ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

အဆိုပါအချက်အလက်များအရ လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားလျက်ရှိသူ ၄၄၃၄ ဦးရှိကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် နှစ်ဦးထပ်မံသေဆုံးခဲ့မှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၅၃၀၆၃၀ ရှိလာပြီဖြစ်ကြောင်း ဝန်ကြီးဌာနက ဆက်လက်ဖော်ပြထားသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာပြီး ဆေးရုံမှဆင်းလာသူပေါင်း ၄၄၁၃၈၅၅၄ ဦးရှိလာပြီဖြစ်သည်။

ဆင်ဟွာ

# အိုပက်အဖွဲ့က ရေနံလျှော့ချထုတ်လုပ်ရန် ဆုံးဖြတ်လိုက်ပြီးနောက် တိုကျိုဈေးကွက်တွင် ရေနံစိမ်းဈေးနှုန်းမြင့်တက်




အိုပက်အဖွဲ့ သတင်းစာရှင်းလင်းပွဲလုပ်ဆောင်နေစဉ်။

တိုကျို ဒီဇင်ဘာ ၅

ရေနံထုတ်လုပ်သော နိုင်ငံများ (အိုပက်) အဖွဲ့နှင့် မဟာမိတ်များ ကြားပြုလုပ်သော အစည်းအဝေးတွင် ရေနံလျှော့ချထုတ်လုပ်မှုကို ဆက်လက်ထိန်းထားရန် ဆုံးဖြတ်လိုက်ပြီးနောက် ရေနံဈေးနှုန်းများ တိုကျိုဈေးကွက်တွင် မြင့်တက်လာခဲ့သည်။

ဒူဘိုင်း ရေနံစိမ်းရည်ညွှန်းဈေးနှုန်းသည် ဒီဇင်ဘာ ၅ ရက်တွင် ယန်း ၆၇၂၀ သို့မဟုတ် အမေရိကန်ဒေါ်လာ ၅၀၀ အထိ မြင့်တက်ခဲ့သည်။

အိုပက် အပေါင်းအဖွဲ့က အဓိကရေနံထုတ်လုပ်သော နိုင်ငံများသည် ၎င်းတို့၏ ရေနံထုတ်လုပ်မှု ရည်မှန်းချက်ကို မပြောင်းလဲဘဲ ဆက်လက်ထိန်းသိမ်း ထားသင့်ကြောင်း ဒီဇင်ဘာ ၄ ရက်က ပြောကြားလိုက်သည်။

ရေနံထုတ်လုပ်သော နိုင်ငံများသည် နိုဝင်ဘာလမှစတင်ကာ တစ်ရက်လျှင် စည်နှစ်သန်း ထုတ်လုပ်မှုကို လျှော့ချရန် အောက်တိုဘာလက ဆုံးဖြတ်ခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

# လာအိုငွေကြေးဖောင်းပွမှု တစ်နှစ်ထက်တစ်နှစ် ပိုမိုမြင့်တက်လာ

**ဗီယန်ကျင်း ဒီဇင်ဘာ ၅**

လာအိုနိုင်ငံ၌ ငွေကြေးဖောင်းပွမှုသည် အောက်တိုဘာလတွင် ၃၆ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ် နိုဝင်ဘာလအထိ တစ်နှစ်ပြီးတစ်နှစ် ၃၈ ဒသမ ၄၆ ရာခိုင်နှုန်းအထိ တိုးလာကြောင်း လာအိုစာရင်းအင်းဗျူရိုက ဒီဇင်ဘာ ၅ ရက်တွင် ထုတ်ပြန်လိုက်သော အစီရင်ခံစာအရ သိရသည်။

လောင်စာဆီဈေးနှုန်းနှင့် စားသုံးကုန်ဈေးနှုန်းများ ပိုမြင့်လာခြင်းနှင့် လာအိုငွေကြေး ကစ်ပ်တန်ဖိုးကျဆင်းလာခြင်းက ငွေကြေးဖောင်းပွမှုဖြစ်စေသည့် အဓိကအချက်များထဲမှ အချက်တချို့ဖြစ်သည်။



လာအိုနိုင်ငံ သုံးစွဲငွေ ကစ်ပ်

လောင်စာဆီဈေးနှုန်းများ မြင့်တက်လာခြင်းက သယ်ယူပို့ဆောင်ရေးဈေးနှုန်းအညွှန်းကိန်းအပေါ် သက်ရောက်မှုဖြစ်စေသည်။

အစီရင်ခံစာအရ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကုန်ကျစရိတ်များသည် နိုဝင်ဘာလအထိ တစ်နှစ်ပြီးတစ်နှစ် ၅၅ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

အစားအသောက်နှင့် အရက်မပါသည့်စားသောက်ကုန်ပစ္စည်းများ၏ ကုန်ဈေးနှုန်းသည်လည်း ၄၂ ဒသမ ၃ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။

ထို့ပြင် ဟိုတယ်နှင့် စားသောက်ဆိုင် အမျိုးအစားကုန်ကျစရိတ်များသည်လည်း ၃၀ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာသည်။

အိမ်ရာအမျိုးအစား ကုန်ကျစရိတ်သည်လည်း ၃၀ ဒသမ ၄၁ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။ ထို့အတူ ဆေးဘက်ဆိုင်ရာကုန်စရိတ်များသည်လည်း ၄၂ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့သည်။

ကုန်ပစ္စည်းအမယ်စုံဈေးနှုန်းများ မြင့်တက်ခြင်းက အများပြည်သူအတွက် ခက်ခဲမှုတွေကို ပိုမိုဖြစ်စေသည်။

အထူးသဖြင့် လုပ်ခနည်းပါးသည့် အခြေခံလူတန်းစားအပေါ် ခက်ခဲမှုများ ပိုမိုသက်ရောက်စေသည်။

ဆင်ဟွာ

## ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီအယ်ဘာနီးစ် ကိုဗစ်-၁၉ ကူးစက်ခံရ

**ဆစ်ဒနီ ဒီဇင်ဘာ ၅**
ဩစတြေးလျဝန်ကြီးချုပ် အန်တိုနီအယ်ဘာနီးစ်သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရကြောင်း ဒီဇင်ဘာ ၅ ရက်တွင် အတည်ပြုပြောကြားသည်။



ယနေ့ မွန်းလွဲပိုင်းတွင် ပီစီအာရ်စစ်ဆေးမှု ပြုလုပ်ခဲ့ရာ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသဖြင့်သီးသန့်ခွဲနေမည်ဖြစ်ပြီး လုပ်ငန်းတာဝန်များကိုအိမ်မှဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က လူမှုကွန်ရက်တွင် ပြောကြားသည်။ ထို့ပြင်ဝန်ကြီးချုပ်က နေထိုင်မကောင်းဖြစ်နေသူများကို စစ်ဆေးမှုများ လုပ်ဆောင်ရန်၊ ၎င်းတို့၏ မိသားစုများနှင့် အိမ်နီးချင်းများကို ရောဂါကူးစက်ခြင်းမှ ကြိုတင်ကာကွယ်မှုများ လုပ်ဆောင်ရန် တိုက်တွန်းခဲ့သည်။

ဩစတြေးလျနိုင်ငံ၏ ကျန်းမာရေးနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဌာနမှ နောက်ဆုံးထုတ်ပြန်သည့် အချက်အလက်အရ နိုဝင်ဘာ ၂၉ ရက်အထိ တစ်ပတ်အတွင်း နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၀၀၄၂ ဦးရှိရာ ပျမ်းမျှအားဖြင့် တစ်ရက်လျှင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၄၃၄၆ ဦးရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## အင်ဒိုနီးရှား၌ ဆီမီရူမီးတောင်ပေါက်ကွဲမှုကြောင့် လူပေါင်းနှစ်ထောင် နေအိမ်စွန့်ခွာထွက်ပြေးခဲ့ရ



မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မီးခိုးလုံးကြီးများ လွင့်တက်စဉ်။

**ဂျကာတာ ဒီဇင်ဘာ ၅**
ဒီဇင်ဘာ ၄ ရက်က မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းပေါ်တွင် အလွန်ကြီးမားသော မီးခိုးလုံးကြီးများ ဖုံးလွှမ်းမှုမြင့်တက်လျက်ရှိကြောင်း သိရသည်။ လူပေါင်းနှစ်ထောင်သည် ၎င်းတို့၏ရွာများကို မီးခိုးပြာများဖုံးလွှမ်းသွားသောကြောင့် နေအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည်။

ဆီမီရူ (Semeru) မီးတောင်နှင့် ရှစ်ကီလိုမီတာအတွင်းရှိသော သူများအား သတိပေးချက် အမြင့်ဆုံးထုတ်ပြန်ထားသည်။ သိပ်သည်းထူထပ်သော ချော်ရည်များ၊ ပြာများနှင့် အပူငွေ့များကြောင့် အရှေ့တောင်ဘက်ရှိနေရာကို အာဏာပိုင်များက တိုးချဲ့သတ်မှတ်ထားသည်။

ထို့အပြင် အာဏာပိုင်များက လှုပ်ရှားမှုအားလုံးကို တားမြစ်လိုက်ပြီး အကာအကွယ်ရရှိသော နေရာများသို့ တိမ်းရှောင်နေကြရန် နှိုးဆော်ထားသည်။ သိပ်သည်းထူထပ်သည့် ပြာများကြောင့် နေရောင်ခြည်ကိုပင် မမြင်တွေ့ရကြောင်း၊ အဆိုပါပြာများသည် မုတ်သုံမိုးနှင့် ပေါင်းစပ်သွားပြီး ညစ်ပေသော ပြာအနှစ်များ ဖြစ်သွားသည်ဟု ဆိုသည်။

ဆီမီရူမီးတောင်ပေါက်ကွဲမှုကြောင့် လက်ရှိအချိန်အထိ ထိခိုက်သေဆုံးသူမရှိသေးကြောင်း သိရသည်။ ဆီမီရူမီးတောင် နောက်ဆုံးအကြီးအကျယ်ပေါက်ကွဲမှုမှာ ယမန်နှစ်က ဖြစ်ပွားခဲ့ပြီး လူပေါင်း ၅၀ သေဆုံးခဲ့ကြောင်း သိရသည်။ ယခုအကြိမ်ပေါက်ကွဲမှုသည် လူရာနှင့်ချီသေဆုံးမှုဖြစ်စေခဲ့သည့် ငလျင်အပါအဝင်ငလျင်များ ဆက်တိုက်လှုပ်ခတ်မှုအပြီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## နောက်ထပ်ငွေသားအကူအညီ အမေရိကန်ဒေါ်လာ သန်း ၄၀ အာဖဂန်နစ္စတန်နိုင်ငံ လက်ခံရရှိ

**ကဘူးလ် ဒီဇင်ဘာ ၅**
အာဖဂန်နစ္စတန် နိုင်ငံသည် ဒီဇင်ဘာ ၅ ရက်တွင် လူသားချင်းစာနာထောက်ထားမှု အကူအညီ တစ်စိတ်တစ်ပိုင်းအဖြစ် ငွေသား အမေရိကန်ဒေါ်လာ သန်း ၄၀ လက်ခံရရှိကြောင်း နိုင်ငံဗဟိုဘဏ် ဒါအာဖဂန်နစ္စတန်ဘဏ်(ဒီအေဘီ)က ပြောကြားသည်။



အသစ်ရရှိသည့် ငွေသားများကို ကူးသန်းရောင်းဝယ်ရေး ဘဏ်တစ်ခုတွင် အပ်နှံထားကြောင်း ဒီအေဘီက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ လွန်ခဲ့သည့် သီတင်းပတ်အတွင်းက အာဖဂန်နစ္စတန်နိုင်ငံသို့ ထောက်ပံ့ပေးသည့် ဒေါ်လာ သန်း ၄၀ မှာ ဒုတိယအသုတ်ဖြစ်ကြောင်း သိရသည်။ အာဖဂန်နစ္စတန်နိုင်ငံ၏ နိုင်ငံခြားအရန်ငွေသည် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော် မြင့်တက်လာကြောင်း သိရသည်။ **ဆင်ဟွာ**

## ဖိလစ်ပိုင်၌ ကိုဗစ် - ၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၁၁၄၁ ဦး စစ်ဆေးတွေ့ရှိ



**မနီလာ ဒီဇင်ဘာ ၅**
ဖိလစ်ပိုင်နိုင်ငံ၌ ဒီဇင်ဘာ ၅ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအသစ် ၁၁၄၁ ဦး စစ်ဆေးတွေ့ရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါ အတည်ပြုကူးစက်ခံရသူပေါင်း ၄၀၄၂ ၁၈၂ ဦးအထိ ရှိလာပြီ ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိဆဲလူနာ ၁၇၉၀၇ ဦးသို့ ကျဆင်းလာကြောင်းနှင့် အဆိုပါရောဂါကြောင့် ထပ်မံသေဆုံးသူ ၂၅ ဦး ရှိသည့်အတွက် သေဆုံးသူပေါင်း ၆၄၇၅၀ အထိ ရှိလာပြီဖြစ်ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနက ပြောသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ထပ်မံ ကူးစက်ခံရသူများအနက် ၄၈၄ ဦးမှာ လူဦးရေ ၁၃ သန်းကျော်နေထိုင်သော မြို့တော် မနီလာမှ ဖြစ်ကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်သည် ကိုဗစ်-၁၉ ရောဂါထပ်မံကူးစက်ခံရသူ ၃၉၀၀၄ ဦးဖြင့် တစ်ရက်တည်း အများဆုံး ကူးစက်မှုအမြင့်ဆုံးအဖြစ် မှတ်တမ်းတင်ထားသည်။

လူဦးရေ သန်း ၁၁၀ ခန့်ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ ၇၃ ဒသမ ၇ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအပြည့် ထိုးနှံထားသည်။ **ဆင်ဟွာ**

## ၁၁ လအတွင်း သစ်သားနှင့် သစ်အချောထည် ဒေါ်လာ ၁၄ ဒသမ ၆ ဘီလီယံနီးပါး ဗီယက်နမ်နိုင်ငံတင်ပို့နိုင်

**ဟန္နိုင်း ဒီဇင်ဘာ ၅**
ဗီယက်နမ်နိုင်ငံသည် ယခုနှစ်၏ ပထမ ၁၁ လအတွင်း သစ်သားနှင့် သစ်အချောထည် ထုတ်ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၆ ဘီလီယံနီးပါးတင်ပို့နိုင်ခဲ့ရာ တစ်နှစ်ထက်တစ်နှစ် ၉ ရာခိုင်နှုန်း မြင့်တက်လာကြောင်း နိုင်ငံ၏ အထွေထွေစာရင်းအင်းရုံးက ဒီဇင်ဘာ ၅ ရက်တွင် ထုတ်ပြန်ထားသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း သစ်သားနှင့် သစ်အချောထည်ထုတ်ကုန်တန်ဖိုး ဒေါ်လာ ၁၆ ဒသမ ၅ ဘီလီယံ တင်ပို့ရန် ရည်မှန်း ထားကြောင်း သိရသည်။ **ဆင်ဟွာ**

## ပါကစ္စတန်နိုင်ငံ၌ ရေကြီးမှုကြောင့် စီးပွားရေးဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံရှိ

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၅**
ပါကစ္စတန်နိုင်ငံသည် ယခုနှစ်အတွင်း ရေကြီးမှုကြောင့် စီးပွားရေးလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံကျော် ဆုံးရှုံးခဲ့ရသည်။ အဆိုပါပမာဏမှာ ပြည်တွင်း အသားတင်ထုတ်ကုန်၏ ၁၀ ရာခိုင်နှုန်းရှိကြောင်း ပါကစ္စတန်စီမံကိန်း၊ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး အာဆန်အက်ဘယ်က ဒီဇင်ဘာ ၅ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်ရသည့် အဆိုးရွားဆုံး နိုင်ငံဖြစ်သည်။ ရေကြီးမှုကြောင့် ပျက်စီးဆုံးရှုံးမှုများသည် ပါကစ္စတန်စီးပွားရေးအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး ယင်းအား လွန်မြောက်ရန် ရုန်းကန်နေရကြောင်း ဝန်ကြီးက ပြောကြားသည်။ ပါကစ္စတန်နိုင်ငံသည် ရာသီဥတုဒဏ် ခံနိုင်ရည်ရှိသော နိုင်ငံတစ်နိုင်ငံဖြစ်ရန်အတွက် အစိုးရက မူဘောင်တစ်ခု ပြင်ဆင်ထားကြောင်း၊ အဆိုပါမူဘောင်ကို နိုင်ငံတကာအဖွဲ့အစည်းအား တင်ပြမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **ဆင်ဟွာ**



## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်မွန်မြို့ အမှတ်(၃)ရပ်ကွက်နေ ယဉ်ယဉ်ဦးသည် ၎င်းအသုံးပြုသည့် “Yin Yin Oo” Facebook အကောင့်၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် လှိုင်ဝကျေးရွာနေ အောင်ပိုင်ဦး(ခ)အောင်ဖြိုးဝေ သည် ၎င်းအသုံးပြုသည့် “Aung Paing Oo” Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ မီးရှို့ဖျက်ဆီးမှုကြောင့် ၂၀၂၂ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၌ အိမ်ခြေ ၆၈၃ လုံး၊ မကွေးတိုင်းဒေသကြီး၌ အိမ်ခြေ ၂၈ လုံး၊ ချင်းပြည်နယ်၌ အိမ်ခြေ ၂၂၀ နှင့် ကချင်ပြည်နယ်၌ အိမ်ခြေ ၃၀ မီးလောင်ပျက်စီးခဲ့



KIA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြောင်းမဲ့ မီးရှို့ဖျက်ဆီးမှုများကြောင့် မီးလောင်ပျက်စီးခဲ့ရသည့် ကျေးရွာများ။

**နေပြည်တော် ဒီဇင်ဘာ ၅**

အကြမ်းဖက်အဖွဲ့အစည်းများ ဖြစ်သည့် NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ရုံးဌာနအဆောက်အဦများ၊ စာသင်ကျောင်းများ၊ အများပြည်သူ နေထိုင်လျက်ရှိသော နေအိမ်များ၊ လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ ကျေးရွာများအတွင်း ဝင်ရောက်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်အတွင်း လုံခြုံရေး ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ကျောက်အိုက်ကျေးရွာနှင့် ရွှေချောင်းကျေးရွာ အနီး ရောက်ရှိစဉ် KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် မိမိဘက်မှ ပြန်လည် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက် သမားများသည် ကျောက်အိုက်ကျေးရွာ၏ အရှေ့မြောက်ဘက်နှင့် ရွှေချောင်းကျေးရွာ၏ အရှေ့ဘက်တို့သို့ အသီးသီး ဆုတ်ခွာထွက်ပြေးသွားခဲ့ကြသည်။ ထိုသို့ဆုတ်ခွာစဉ် ကျေးရွာများအတွင်းရှိ လူနေအိမ်အချို့အား KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးခဲ့သောကြောင့်



ကျောက်အိုက်ကျေးရွာရှိ လူနေအိမ် ၆၈ လုံးအနက် ၆၀၊ ရွှေချောင်းကျေးရွာရှိ လူနေအိမ် ၂၇၃ လုံးအနက် ၈၀ မီးလောင် ပျက်စီးခဲ့ရသည်။

ယနေ့တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်တွင် ဇီးဖြူကျင်း ကျေးရွာအနီးသို့ အရောက်၌ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာအတွင်းမှ လူနေအိမ်များအား အကာအကွယ်ရယူ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်လာခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက် သမားများသည် ကျေးရွာ၏ တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက် သမားများသည် ဆုတ်ခွာထွက်ပြေးစဉ် လူနေအိမ်အချို့အား မီးရှို့ဖျက်ဆီးခဲ့သောကြောင့် အိမ်ခြေ ၁၅၅ လုံးအနက် ၃၀ မီးလောင်ပျက်စီးခဲ့ရသည်။

KIA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုများကြောင့် ၂၀၂၂ ခုနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၌ အိမ်ခြေ ၆၈၃ လုံး၊ မကွေးတိုင်းဒေသကြီး၌ အိမ်ခြေ ၂၈ လုံး၊ ချင်းပြည်နယ်၌ အိမ်ခြေ ၂၂၀ နှင့် ကချင်ပြည်နယ်၌ အိမ်ခြေ ၃၀ ရှိပြီဖြစ်ကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ် အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မုဒုံမြို့ မြို့မ(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအား PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်၊ ရုံးဝန်ထမ်း အမျိုးသားတစ်ဦးသေဆုံး၊ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဒီဇင်ဘာ ၅**

မွန်ပြည်နယ် မုဒုံမြို့ မြို့မ(၂) ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်အဝေးထိန်းမိုင်းတစ်လုံး ပေါက်ကွဲခဲ့သဖြင့် ရုံးအဆောက်အဦ အနည်းငယ် ထိခိုက်ပျက်စီးခဲ့ပြီး **(အောက်ပုံ)** အမျိုးသား သုံးဦး၊



အမျိုးသမီး တစ်ဦး၊ ပေါင်း လေးဦး ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၁၀ နာရီခန့်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်သီနှင့် ဝန်ထမ်းများသည် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရုံးလုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိစဉ် ရုံးယာဘက်ခြမ်း ပြတင်းပေါက်အနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်အဝေးထိန်းမိုင်းတစ်လုံး ပေါက်ကွဲခဲ့ပြီး ရုံးဝန်ထမ်း အမျိုးသား သုံးဦး၊ အမျိုးသမီး တစ်ဦး၊ ပေါင်း လေးဦးတို့တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သဖြင့် နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိသည်။ ထိုသို့ ဆေးကုသမှုများ ခံယူလျက်ရှိစဉ် အမျိုးသားတစ်ဦးမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး ကျန်လူနာများအား လိုအပ်သည့် ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုကဲ့သို့ နိုင်ငံ့တာဝန်များကို ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား ထိခိုက်စေရန်နှင့် နိုင်ငံပိုင်အဆောက်အဦအား ပျက်စီးစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် မိုင်းထောင်ဖောက်ခွဲခဲ့သည့် အကြမ်းဖက် သမားများအား ဖမ်းဆီးရမိရေး လိုအပ်သည့်စုံစမ်းစစ်ဆေးမှုများနှင့် ပိတ်ဆို့ရှာဖွေမှုများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း၌ သေဆုံးနေသည့် အမျိုးသား အလောင်း ၁၃ လောင်း တွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဘားလားကျေးရွာအုပ်စု ငွေနံ့သာကျေးရွာမှ အမှတ်(၇)လမ်းမကြီးသို့ ဆက်သွယ်ထားသော ကားလမ်းဘေး၌ သေဆုံးနေသည့် အမျိုးသား အလောင်း ၁၃ လောင်းကို ယနေ့နံနက် ၇ နာရီခန့်တွင် တွေ့ရှိရကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး၏ သတင်းပို့ချက်အရ သိရှိရသည်။

ကျေးရွာအုပ်ချုပ်ရေးမှူး၏ သတင်းပေးပို့ချက်အရ နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ရေများစိုနေပြီး လက်ဖျားများ နူးပွနေသည့် အမျိုးသား အလောင်း ၁၃ လောင်းကို တွေ့ရှိခဲ့ရသဖြင့် ရန်ကုန်ပြည်သူ့ ဆေးရုံကြီးသို့ ပို့ဆောင်၍ လိုအပ်သည့် စစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

အထက်ပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်စဉ်မှန်ပေါ်ပေါက်ရေး သေမှုသေခင်း ဖွင့်လှစ်ကာ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆ ဦးတွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

**(၅-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၆၄၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၆) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၆၉၅,၈၄၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၃၂၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၈၆၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၀) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့်အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့်တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၁၂-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၅ | ၂၀၁၀ | ၂၀၀၅ | ၁၉၇၀ | ၂၀၁၀ | ၂၀၃၀ | ၂၀၁၅ | ၁၉၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၀၀၀ | ၂၀၁၀ | ၂၀၄၅ | ၂၀၄၅ | ၂၀၅၀ | ၂၂၇၀ | ၂၉၂၀ |
| 95 Ron | ၂၀၄၅ | ၂၀၉၅ | ၂၀၉၀ | ၂၀၅၅ | ၂၀၉၀ | ၂၁၁၅ | ၂၁၀၀ | ၂၀၇၅ | ၂၁၇၀ | ၂၁၈၅ | ၂၀၈၅ | ၂၁၀၀ | ၂၁၂၅ | ၂၁၃၀ | ၂၁၃၀ | ၂၃၅၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၆၀ | ၂၄၀၅ | ၂၄၀၀ | ၂၃၇၀ | ၂၄၀၅ | ၂၄၃၀ | ၂၄၂၅ | ၂၃၉၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၀၀ | ၂၄၀၅ | ၂၄၄၀ | ၂၄၄၅ | ၂၄၄၅ | ၂၆၆၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၆၇၀ |
| HSD (10 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၇ | ၁၉၃၈ |
| 95 Ron | ၁၉၄၆ | ၂၀၁၈ |
| HSD (500 ppm) | ၂၂၅၂ | ၂၃၂၆ |
| HSD (50 ppm) | ၂၃၂၅ | ၂၄၀၁ |
| HSD (10 ppm) | ၂၃၂၅ | ၂၄၀၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ကမ္ဘာ့ရှားပါးဆောင်းခိုငှက်နှင့် ရေပျော်ငှက်မျိုးစိတ် အကောင်ရေ နှစ်သောင်းနီးပါး လာရောက်ကျက်စားလျက်ရှိသည့် အင်းတော်ကြီး ရမ်ဆာရေဝပ်ဒေသ

ရွှေမိုးညှင်း



ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးအိုင်သည် မြန်မာနိုင်ငံတွင် အကြီးဆုံး ကုန်းတွင်းရေချိုအိုင်ကြီးတစ်အိုင်ဖြစ်၍ ကမ္ဘာ့ရှားပါး ဆောင်းခိုငှက်မျိုးစိတ်များနှင့် ဒေသရေပျော် ငှက်မျိုးစိတ်များ အကောင်ရေ စုစုပေါင်း နှစ်သောင်းနီးပါး ကျင်လည်ကျက်စားလျက်ရှိကြောင်း သိရသည်။

### စာရင်းကောက်ယူ

အင်းတော်ကြီးအိုင်သည် နှစ်စဉ်ဆောင်းရာသီသို့ ရောက်ရှိလာတိုင်း အနယ်နယ် အရပ်ရပ်မှ လာရောက်ကြသည့် ကမ္ဘာ့ရှားပါး ဆောင်းခိုငှက်မျိုးစိတ်များနှင့် ဒေသရေပျော်ငှက်မျိုးစိတ်များ ကျင်လည်ကျက်စားလေ့ရှိကြပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း စာရင်းကောက်ယူမှုအရ ရှားပါးဆောင်းခိုငှက်မျိုးစိတ် ၂၉ မျိုး၊ အကောင်ရေ ၁၁၇၅၉ ကောင်နှင့် ဒေသရေပျော်ငှက်မျိုးစိတ် ၂၀၊ အကောင်ရေ ၇၉၆၉ ကောင်ခန့် လာရောက်ကျက်စားလျက်ရှိကြောင်း ငှက်စာရင်းကောက်ယူသည့် အချက်အလက်များအရ သိရသည်။

ယခုနှစ် နိုဝင်ဘာလတွင် တွေ့ရှိရသည့် ဆောင်းခိုငှက်မျိုးစိတ်များနှင့် ဒေသရေပျော်ငှက် မျိုးစိတ်များသည် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ဆောင်းခိုငှက်မျိုးစိတ်တစ်မျိုးနှင့် အကောင်ရေ ၅၃၀၀ ကျော် လျော့နည်းလျက်ရှိကြောင်း၊ ဆောင်းခိုငှက်များ အများဆုံး ကျက်စားလေ့ရှိသည့် ငှက်စာရင်းကောက်ယူရာ လမ်းကြောင်းတစ်ခုဖြစ်သော အင်းတော်ချောင်းတစ်လျှောက်တွင် ရေမှော်နှင့် ဒိုက်များပိတ်နေသဖြင့် ချောင်းအဆုံးပိုင်းအထိသွား ရောက်နိုင်မှုမရှိခြင်းကြောင့် ငှက်မျိုးစိတ်များနှင့် အကောင်ရေများ စာရင်းလျော့နည်းသွားရခြင်းဖြစ်ကြောင်း သိရ သည်။

အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၌ ဆောင်းခိုရေပျော်ငှက်မျိုးစိတ်များအနက်မှ ရေကြက်ဒုံ၊ ဘဲဖြူနက်၊ စင်ရော်ခေါင်းညို၊ စင်ရော်ခေါင်းမည်း၊ တောငန်း၊ ဘဲနီစပ်၊ ဘဲကျားလေး၊ ဘဲဟင်္သာ၊ ခရုစုပ်အနက်နှင့် ကြိုးကြာခေါင်းမည်း စသည်မျိုးစိတ်များကို အများဆုံးတွေ့ရှိရကြောင်း သိရသည်။ ထူးခြားသည့်အနေဖြင့် မျိုးသုဉ်းလုနီးပါး အန္တရာယ်ကျရောက်နေသည့် ဥပန်းငှက်များနှင့် ကြိုးကြာခေါင်းနီငှက်များလည်း လာရောက်ကျက်စားလျက်ရှိသည်။ ထို့ပြင် ဆောင်းခိုငှက်မဟုတ်ဘဲ မိုးရာသီတွင်သာ လာရောက်ကျက်စားလေ့ ရှိကြသည့် ငှက်ကြီးဝန်ပိုငှက်များသည် နိုဝင်ဘာလအတွင်း အင်းတော်ကြီးကန်မှ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

### မြန်မာနိုင်ငံ၏ အကြီးဆုံးရေချိုအိုင်

အင်းတော်ကြီးအိုင်သည် မြန်မာနိုင်ငံ၏ အကြီးဆုံးရေချိုအိုင်ဖြစ်၍ အရှေ့တောင်အာရှတွင် တတိယအကြီးဆုံးအိုင်လည်း ဖြစ်ကာ နို့တိုက်သတ္တဝါမျိုးစိတ် ၄၇ မျိုး၊ ကုန်းနေ ရေနေနှင့် တွားသွားသတ္တဝါမျိုးစိတ် ၉၁ မျိုး၊ ငါးမျိုးစိတ် ၉၄ မျိုး၊ ရေပျော်ငှက်မျိုးစိတ် ၁၀၅ မျိုးနှင့် သစ်တောငှက် မျိုးစိတ် ၄၀၀ တို့ နေထိုင်ကျက်စားလျက်ရှိကြောင်း သိရသည်။

> ၂၀၂၂ ခုနှစ် နိုဝင်ဘာလအတွင်း စာရင်းကောက်ယူမှုအရ ရှားပါးဆောင်းခိုငှက်မျိုးစိတ် ၂၉ မျိုး၊ အကောင်ရေ ၁၁၇၅၉ ကောင်နှင့် ဒေသရေပျော်ငှက် မျိုးစိတ် ၂၀၊ အကောင်ရေ ၇၉၆၉ ကောင်ခန့် လာရောက် ကျက်စား လျက်ရှိ

အင်းတော်ကြီးဒေသ၌ တွေ့ရှိရသော မျိုးသုဉ်းအန္တရာယ်ကျရောက်နေသည့် ဥပန်းငှက်များ။



အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ဆောင်းခိုငှက် မျိုးစိတ် ၂၉ မျိုး၊ အကောင်ရေ ၁၁၇၅၉ ကောင်ကို တွေ့ရှိရပြီး ယခင် ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ဆောင်းခိုငှက်မျိုးစိတ် ၃၀၊ အကောင်ရေ ၁၇၁၁၈ ကောင်ကို တွေ့ရှိခဲ့ရကြောင်း အင်းတော်ကြီး ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

အင်းတော်ကြီးကန်နှင့် ပတ်ဝန်းကျင်ရှိ သစ်တောကြိုးဝိုင်းငါးခုကို အင်းတော်ကြီးတောရိုင်း တိရစ္ဆာန်ဘေးမဲ့တောအဖြစ် ၂၀၀၄ ခုနှစ်တွင် သတ်မှတ်ဖွဲ့စည်းခဲ့ပြီး နိုင်ငံတကာအသိအမှတ်ပြုအဖြစ် ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ် ဥယျာဉ်အဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ရမ်ဆာရေဝပ်ဒေသအဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ်လည်းကောင်း သတ်မှတ်ခံခဲ့ရသည့် ကမ္ဘာ့အရေးကြီး ရေဝပ်ဒေသတစ်ခုဖြစ်သည်။ ။

## အင်ဖက်အသုံးပြုခြင်းဖြင့် ပလတ်စတစ်ကင်းစင်ရေး အထောက်အကူပြု

ကသာမြို့နယ်အနီးရှိ မြေလွတ်မြေရိုင်းတောများတွင် အင်ပင်များ အလေ့ကျပေါက်ရောက်လျက်ရှိရာ ပန်း၊ ငါးစိမ်း၊ ငါးခြောက်စသည့် ပစ္စည်းများကို ထုပ်ပိုးရာတွင် အင်ဖက်များအသုံးပြုခြင်းဖြင့် ပလတ်စတစ် အသုံးပြုမှုကို လျော့ကျစေလျက်ရှိသည်။

ထို့ပြင် ဒေသအခေါ် အင်တိုင်းတောမှ ခူးယူရရှိသည့် အင်ရွက် ခုနစ်ရွက်တစ်ထုတ်လျှင် ၁၀၀ ကျပ်ဖြင့် ငါးပွဲရုံ၊ သီးနှံကုန်ပစ္စည်းပွဲရုံများသို့ နေ့စဉ်ရောင်းချကြရသဖြင့် တစ်ပိုင်တစ်နိုင် အင်ဖက် ခူးရောင်းသူများမှာလည်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာကြကြောင်း သိရသည်။

သို့သော် ယခုအချိန်တွင် ဥယျာဉ်ခြံမြေများ ချဲ့ထွင်သူများပြားလာခြင်းကြောင့် သဘာဝအင်တိုင်းတောများ လျော့နည်းကျဆင်းခြင်း၊ အင်ဖက်ရှာဖွေခူးဆွတ်သူများ တိုးပွားလာခြင်း၊ အင်ပင်များပေါက်ရောက်ရာနေရာ လျော့နည်းလာခြင်းတို့ကြောင့် အင်ဖက်တစ်ထမ်းရရှိရေး အခက်အခဲရှိလာကြောင်း အင်ဖက်ခူးရောင်းသူ တစ်ဦးက ပြောသည်။

အင်ဖက်များမှာ ဆွေ့မြေ့လွယ်ကူသည့်အတွက် သဘာဝပတ်ဝန်းကျင်အတွက် သဟဇာတဖြစ်သည့်အတွက် ဈေးရောင်းသူအများအစု အင်ဖက်များအစားထိုး အသုံးပြုလာခြင်းအားဖြင့် ပလတ်စတစ် ကင်းစင်ရေးကိုလည်း များစွာ အထောက်အကူပြုလျက်ရှိသည်။

ငွေအိုး(ကသာ)



ပလတ်စတစ်အစားထိုး အသုံးပြုသည့် အင်ဖက်များ။

# ပင်လယ်လိပ်များ မြန်မာ့ရေပြင်မှ ပျောက်ကွယ်မသွားစေရေး သမီးလှကျွန်းဝန်းကျင်အား ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ပေး



ပင်လယ်လိပ်ငါးမျိုးကျက်စားရာ သမီးလှကျွန်းကို တွေ့ရစဉ်။

သိန်းညွန့်(PZL)

**"သမီးလှကျွန်း" သည် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းတည်ရှိကာ မော်တင်စွန်းဘုရားမှ ရေမိုင် ခုနစ်မိုင်ခန့် အကွာအဝေး၊ ဟိုင်းကြီးကျွန်းမြို့မှဆိုပါက ရေမိုင် ၁၂ မိုင်ခန့် ကွာဝေးပြီး ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်အော်တို့ ရေကြောင်းဆက်စပ်ရာအနီး၌တည်ရှိသော ကျွန်းဖြစ်သည်။**



သမီးလှကျွန်းတွင် တွေ့ရှိရသည့် လိပ်လှောင်းတစ်ကောင်ကို တွေ့ရစဉ်။



သမီးလှကျွန်းကမ်းခြေအနီး တွေ့ရသည့် ပင်လယ်လိပ်ဥများ။

အဆိုပါကျွန်းသည် ကမ္ဘာသို့တိုင် လူသိများ ထင်ရှားလှသည်။ အကြောင်းမူကား ကမ္ဘာ့ပင်လယ်ပြင်တစ်လွှား ပင်လယ်လိပ်မျိုးစိတ် ခုနစ်မျိုးရှိသည့်အနက် ပင်လယ်လိပ်ငါးမျိုးကျက်စားရာ မြန်မာ့ပင်လယ်ပြင်၏ အထင်ကရ ကျွန်းတစ်ကျွန်းဖြစ်နေခြင်းကြောင့်ပင် ဖြစ်သည်။ သမီးလှကျွန်းတွင် ပြင်သာလိပ်ကို အများဆုံးတွေ့ရှိရပြီး လိပ်လှောင်းကိုလည်း တွေ့ရှိရကြောင်း မှတ်တမ်းပြုစုထားချက်များအရ သိရသည်။

**ပင်လယ်လိပ်မျိုးထိန်းသိမ်းရေး အဓိကကျ**

အနီသမီးလှကျွန်းသည်ကား မြန်မာနိုင်ငံ ကမ်းရိုးတန်းတစ်လျှောက် ငါးလုပ်ငန်းဦးစီးဌာနက ပင်လယ်လိပ်မျိုးစိတ်များ ထိန်းသိမ်းစောင့်ရှောက်နေသောဒေသများအနက် ပင်လယ်လိပ်အများဆုံး တက်ရောက်ဥချသည့် နေရာအဖြစ် မြန်မာနိုင်ငံအတွက်သာမက အရှေ့တောင်အာရှနိုင်ငံများ၏ ပင်လယ်လိပ်မျိုးထိန်းသိမ်းရေးအတွက်ပါ အဓိကကျလျက်ရှိသည်။

**လိပ်မျိုးများ၏ ဘူမိနက်သန်**

ကမ္ဘာ့ ပင်လယ်လိပ်ပညာရှင်များ၏ အထူးစိတ်ဝင်တစားပြုခြင်းခံရသော လိပ်မျိုးများ၏ ဘူမိနက်သန်နေရာအဖြစ် သမီးလှကျွန်းရေရှည်တည်တံ့ရေး သုတေသနလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နေကြောင်းလည်း သိမှတ်ရပါ၏။

ကိုလိုနီ ခေတ်မှအစပြု၍ ၁၉၆၁ ခုနှစ်အထိ လိပ်ဥထုတ်လုပ်သည့် လုပ်ငန်းအရပ်ရပ်ကို သစ်တောဦးစီးဌာနက ပုဂ္ဂလိကများအား လိုင်စင်ချထားပေးကာ လုပ်ကိုင်ခွင့်ပြုထားခဲ့သည်။ ၁၉၆၂ ခုနှစ်မှ ၁၉၈၅ ခုနှစ်အကြား၌ ပြည်သူ့ပုလဲနှင့် ငါးကော်ပိုရေးရှင်းက အဆိုပါလုပ်ငန်းကို ဆက်လက် ဦးစီးလုပ်ဆောင်ခဲ့သည်။ နောက်ပိုင်းကာလတွင်မူ ပင်လယ်လိပ်များ မျိုးသုဉ်းမည့် အခြေအနေကြုံတွေ့လာခဲ့သဖြင့် ၁၉၈၆ ခုနှစ်မှ အစပြုကာ ငါးလုပ်ငန်းဦးစီးဌာနက ပင်လယ်လိပ်မျိုးစိတ်များထိန်းသိမ်းရေးအတွက် စီမံချက်ချမှတ်ကာ စတင်ဆောင်ရွက်လျက်ရှိသည်။

**ဥချရာကမ်းခြေ ကျဉ်းမြောင်းလာ**

၁၉၈၆ ခုနှစ် မတိုင်မီကာလက တစ်စတုရန်းမိုင်ခန့် အကျယ်အဝန်းရှိခဲ့သော သမီးလှကျွန်းသည် ယခုအခါ ရာသီဥတုဖောက်ပြန်ခြင်း၊ ကမ်းများပြိုကျပျက်စီးခြင်းတို့ဖြစ်ပေါ်ခဲ့ကာ ၂၁၇ ဒသမ ၆ ဧက၊ သုည ဒသမ ၃၄ စတုရန်းမိုင်မျှသာ ကျန်ရှိပြီး ပင်လယ်လိပ်များ ဥချရာ ကမ်းခြေသည်လည်း ကျဉ်းမြောင်းလာခဲ့ကြောင်း သိရသည်။ သမီးလှကျွန်း၏ ပင်လယ်လိပ်များ တက်ရောက်ဥချမှုနှုန်းသည် ၂၀၀၀ ပြည့်နှစ် နောက်ပိုင်း၌ သိသာစွာကျဆင်းလာ ခဲ့သည်။ မြန်မာ့ပင်လယ်ပြင်တစ်နံတစ်လျား ကမ်းဝေးဆွဲပိုက်ကြီးများနှင့် ငါးမျှားစက်ကိရိယာများ အသုံးပြု ဖမ်းဆီးကြခြင်းကြောင့် ပင်လယ်လိပ်မြောက်မြားစွာ သေကျေ ပျက်စီးခဲ့ရသည်။ ပညာရှင်တစ်ဦးဖြစ်သူ ဒေါက်တာ ကောလင်းလင်းပတ်(စ်)၏ အစီရင်ခံစာ တစ်စောင်တွင် လက်ရှိအခြေအနေကို မထိန်းသိမ်းမစောင့်ရှောက်နိုင်ပါက လာမည့် ၂၀၃၀ ပြည့်နှစ် အရောက်၌ ပင်လယ်လိပ်များ မြန်မာ့ရေပြင်မှ ပျောက်ကွယ်သွားနိုင်ကြောင်း သတိပေးဖော်ပြခဲ့သည်။

> **သမီးလှကျွန်း၏ ပင်လယ်လိပ်များ တက်ရောက်ဥချမှုနှုန်းသည် ၂၀၀၀ ပြည့်နှစ် နောက်ပိုင်း၌ သိသာစွာကျဆင်းလာခဲ့သည်။ မြန်မာ့ ပင်လယ်ပြင်တစ်နံတစ်လျား ကမ်းဝေးဆွဲပိုက်ကြီးများနှင့် ငါးမျှားစက်ကိရိယာများ အသုံးပြုဖမ်းဆီးကြခြင်းကြောင့် ပင်လယ်လိပ်မြောက်မြားစွာ သေကျေ ပျက်စီးခဲ့**

သို့ဖြစ်ခြင်းကြောင့် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပင်လယ်လိပ်ထိန်းသိမ်းရေး နည်းပညာပံ့ပိုးသောသင်တန်းများ လက်ခံဖွင့်လှစ်သကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ပင်လယ်လိပ် စားကျက်များကို ကာကွယ်စောင့်ရှောက်ပေးခြင်းအပါအဝင် လိပ်သားပေါက်ကလေးများအား ပင်လယ်ပြင်အတွင်းသို့ ပြန်လွှတ်ပေးခြင်း၊ ဒေသခံပြည်သူများအား အသိပညာပေးခြင်း လုပ်ငန်းစဉ်များကိုပါ စနစ်တကျ ဆောင်ရွက်လျက်ရှိပေသည်။

သို့ဖြစ်သည်နှင့်အညီ ပင်လယ်လိပ်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်အောင်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများက ပူးပေါင်းဆောင်ရွက်မှသာလျှင် ရေရှည်အတွက် တိုးတက်ကောင်းမွန်လာနိုင်မည်ဖြစ်ခြင်းကြောင့် ပင်လယ်လိပ်များ မြန်မာ့ရေပြင်မှ ပျောက်ကွယ်မသွားစေရေး ငါးလုပ်ငန်း ဦးစီးဌာနနှင့်အတူ ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းလက်တွဲပါဝင်ကြပါရန် နှိုးဆော်သမှု ပြုလိုက်ရပါသည်။ ။




ဒီဇင်ဘာ ၆ ရက်မှာတော့ ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်း အဆင့်မှ မော်ရိုကိုနဲ့ စပိန်၊ ပေါ်တူဂီနဲ့ ဆွစ်ဇာလန်အသင်းတို့ ပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ကစားသွားမှ ဖြစ်ပါတယ်။

## ကမ္ဘာ့ဖလားပြိုင်ပွဲ (၁၆) သင်းအဆင့်

| ၆-၁၂-၂၀၂၂ | အင်္ဂါနေ့ |
|---|---|
| မော်ရိုကို - စပိန် | ည ၉း၃၀ |
| ပေါ်တူဂီ - ဆွစ်ဇာလန် | နံနက် ၁း၃၀ |

## ကမ္ဘာ့ဖလားပြိုင်ပွဲသွင်းဂိုးအများဆုံး သွင်းယူထားသူများ

| စဉ် | အမည် | အသင်း | ဂိုး |
|---|---|---|---|
| ၁။ | အမ်ဘတ်ပီ | ပြင်သစ် | ၅ |
| ၂။ | မက်ဆီ | အာဂျင်တီးနား | ၃ |
| ၃။ | ရက်ဖို့ဒ် | အင်္ဂလန် | ၃ |
| ၄။ | မိုရာတာ | စပိန် | ၃ |



❍ *ကျော့ဖုံးမှ*

အင်္ဂလန်အသင်းအတွက် အနိုင်ရလဒ်ပြတ်သားစေမည့် တတိယဂိုးကို ပွဲချိန် ၅၇ မိနစ်တွင် ရရှိခဲ့ပြီး ဆာကာက သွင်းယူပေးခဲ့သည်။ ယခုပွဲစဉ်တွင် အနိုင်ရရှိခဲ့သော အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် လက်ရှိချန်ပီယံ ပြင်သစ် အသင်းနှင့် ရင်ဆိုင်သွားရမည် ဖြစ်သည်။

**အောင်ဇော်**

# တိုက်စစ်အဆုံးသတ်ပိုင်းအားနည်းခဲ့ရင် ပေါ်တူဂီအသင်း ပေးဆပ်မှုကြီးမားသွားနိုင်

## လင်းလက်ကြယ်



ဇီယက် (၂၉ နှစ်)
မော်ရိုကို (ကွင်းလယ်တိုက်စစ်)
၄၆ ပွဲကစား ၁၉ ဂိုးသွင်း

### မော်ရိုကို VS စပိန်အသင်းအခြေအနေ

**မော်ရိုကို** – ဘယ်လ်ဂျီယံလိုအသင်းကြီးကို ဂိုးပြတ်အနိုင်ရရှိအောင် စွမ်းဆောင်ထားနိုင်ပြီး ခရိုအေးရှားအသင်းကို သရေကစားထားနိုင်တဲ့ မော်ရိုကိုအသင်းခြေစွမ်း ထိပ်တန်းအသင်းအဆင့်မှာရှိတယ်လို့ ဆိုနိုင်တယ်။

**စပိန်** – ပြိုင်ဘက်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ဖိအားပေးကစားနိုင်စွမ်း စပိန်အသင်းမှာ ရှိပေမယ့် တိုက်စစ်ထက်မြက်မှုပိုင်းမှာ လိုအပ်ချက်ရှိနေသေးတယ်လို့ ဆိုနိုင်တယ်။ အထူးသဖြင့် ဂျပန်အသင်းကို ရှုံးနိမ့်ခဲ့တဲ့ပွဲစဉ်ကိုကြည့်ရင် ဂိုးပေါက်တည့်မတ်မှုငါးကြိမ်မှာ တစ်ကြိမ်သာ ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့တာ တွေ့ရတယ်။

**သုံးသပ်ချက်** – မော်ရိုကိုအသင်းရဲ့ ခြေစွမ်းအကောင်းဘက်မှာ ရှိတယ်ဆိုပေမယ့် အရည်အသွေးမြင့်ထိပ်တန်းကစားသမားတွေရှိပြီး ပွဲရလဒ်အဖြေကို အချိန်မရွေးပြောင်းလဲနိုင်စွမ်းရှိတဲ့ စပိန်အသင်းကို ကျော်ဖြတ်ဖို့ မလွယ်ပါဘူး။ သို့သော်လည်း သာမန်ထက် လုပ်အားနှုန်းကျဆင်းခဲ့ရင် မော်ရိုကိုအသင်း အောင်ပွဲခံသွားဖွယ်ရာရှိတယ်။



မိုရာတာ (၃၀ နှစ်)
စပိန် (တိုက်စစ်)
၆၀ ပွဲကစား ၃၀ ဂိုးသွင်း

### မော်ရိုကိုအသင်း အုပ်စုတွင်းကျော်ဖြတ်မှု

| | | | |
|---|---|---|---|
| မော်ရိုကို | ၀-၀ | ခရိုအေးရှား | ၂၃-၁၁-၂၀၂၂ |
| ဘယ်လ်ဂျီယံ | ၀-၂ | မော်ရိုကို | ၂၇-၁၁-၂၀၂၂ |
| မော်ရိုကို | ၂-၁ | ကနေဒါ | ၁-၁၂-၂၀၂၂ |

### စပိန်အသင်း အုပ်စုတွင်းကျော်ဖြတ်မှု

| | | | |
|---|---|---|---|
| စပိန် | ၇-၀ | ကော့စတာရီကာ | ၂၃-၁၁-၂၀၂၂ |
| စပိန် | ၁-၁ | ဂျာမနီ | ၂၈-၁၁-၂၀၂၂ |
| ဂျပန် | ၂-၁ | စပိန် | ၂-၁၂-၂၀၂၂ |



ဖာနနန်ဒက်စ် (၂၈ နှစ်)
ပေါ်တူဂီ (ကွင်းလယ်)
၅၁ ပွဲကစား ၁၃ ဂိုးသွင်း

### ပေါ်တူဂီ VS ဆွစ်ဇာလန်အသင်းအခြေအနေ

**ပေါ်တူဂီ** – ပရိသတ်တွေ လက်ခံနိုင်လောက်တဲ့အတိုင်းအတာ အထိ အုပ်စုတွင်းပြိုင်ပွဲတွေမှာ ပေါ်တူဂီအသင်း လုပ်ပြထားနိုင်တယ်။ ဒါပေမယ့် ပြိုင်ဘက်အသင်းက ဖိအားပေးကစားလာတဲ့အခါ ချိတ်ဆက်ကစားမှုပိုင်းမှာ ပေါ်တူဂီအသင်းက ဟန်ချက်ပျက်လွယ်တယ်။

**ဆွစ်ဇာလန်** – ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ လုံလောက်တဲ့ ထိပ်တန်းအဆင့်ခြေစွမ်းမျိုးပြသထားနိုင်ခြင်းမရှိသေးပေမယ့် လုပ်ပြနိုင်တဲ့ အနေအထား ဆွစ်ဇာလန်အသင်းမှာ ရှိတယ်။

**သုံးသပ်ချက်** – ပေါ်တူဂီအသင်းက ဆွစ်ဇာလန်အသင်းထက် စုဖွဲ့ပိုင်း သာတယ်ဆိုပေမယ့် အရင်ပွဲစဉ်တွေကထက် ကြိုးစားအားထုတ်မှု လျော့နည်းခဲ့ရင် ပေးဆပ်မှုကြီးမားသွားနိုင်တယ်။ ဆွစ်ဇာလန်အသင်းမှာ အမ်ဘိုလို၊ ရှာကွီရီ၊ ဗားဂက်စ်၊ ရှာကာ၊ ဖောင်လာတို့လို ထိပ်တန်းအဆင့်ကစားသမားတွေ အများအပြားရှိတာကြောင့် ရရှိလာမယ့် အခွင့်အရေးတွေကိုသာ ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ရင် ပေါ်တူဂီအသင်း နောက်တစ်ဆင့်တက်ဖွယ်ရာရှိတယ်။



ရှာကာ (၃၀ နှစ်)
ဆွစ်ဇာလန် (ကွင်းလယ်)
၁၁၈ ပွဲကစား ၁၂ ဂိုးသွင်း

### ပေါ်တူဂီအသင်း အုပ်စုတွင်းကျော်ဖြတ်မှု

| | | | |
|---|---|---|---|
| ပေါ်တူဂီ | ၃-၂ | ဂါနာ | ၂၄-၁၁-၂၀၂၂ |
| ပေါ်တူဂီ | ၂-၀ | ဥရုဂွေး | ၂၉-၁၁-၂၀၂၂ |
| တောင်ကိုရီးယား | ၂-၁ | ပေါ်တူဂီ | ၂-၁၂-၂၀၂၂ |

### ဆွစ်ဇာလန်အသင်း အုပ်စုတွင်းကျော်ဖြတ်မှု

| | | | |
|---|---|---|---|
| ဆွစ်ဇာလန် | ၁-၀ | ကင်မရွန်း | ၂၄-၁၁-၂၀၂၂ |
| ဘရာဇီး | ၁-၀ | ဆွစ်ဇာလန် | ၂၈-၁၁-၂၀၂၂ |
| ဆားဘီးယား | ၂-၃ | ဆွစ်ဇာလန် | ၃-၁၂-၂၀၂၂ |

# ဂျပန်တို့ ပယ်နယ်တီအဆုံးအဖြတ်ဖြင့် ခရိုအေးရှားအသင်းကိုရှုံးနိမ့်

ဒီဇင်ဘာ ၅ ရက် ည ၉ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်မှ ဂျပန်အသင်းနှင့် ခရိုအေးရှားအသင်းတို့ပွဲစဉ်တွင် ခရိုအေးရှားက ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

နောက်တစ်ဆင့်တက်လှမ်းနိုင်ရေးအတွက် နှစ်သင်းစလုံး အားထားရသည့် ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိသည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ သို့သော်လည်း ခရိုအေးရှားအသင်းထက် ဂျပန်အသင်း၏ ကြိုးစားအားထုတ်မှု အလုပ်ဖြစ်ခဲ့ပြီး ပွဲချိန် ၄၃ မိနစ် တွင် အဖွင့်ဂိုးရရှိခဲ့သည်။ အဆိုပါ ဂိုးကို ယိုရှီဒါ၏ ဖန်တီးမှုမှ မဲ့ဒါက သွင်းယူပေးနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ခရိုအေးရှားအသင်း ကစားအားတက်လာပြီး ပွဲချိန် ၅၆ မိနစ်တွင် ချေပဂိုး ရရှိခဲ့ရာ ပါရီဆစ်က ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ **(အောက်ပုံ)** တစ်ဖက်တစ်ဂိုးစီ သရေကျပြီးနောက် ပွဲမှာ ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သော်လည်း သာမန်ပွဲကစားချိန်အတွင်း သရေကျနေ၍ အချိန်ပို မိနစ် ၃၀ ထပ်မံယှဉ်ပြိုင်ကစားခဲ့ရသည်။ အချိန်ပိုတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ ပယ်နယ်တီအဆုံးအဖြတ်ခံယူရာတွင် ခရိုအေးရှားက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**



# နေအိမ်ဖောက်ထွင်းခံရမှုကြောင့် တောင်ပံကစားသမား စတားလင်း လန်ဒန်သို့ ပြန်သွားဟုဆို

ရာဟင်စတားလင်းသည် ၎င်း၏နေအိမ် ဖောက်ထွင်းခံရပြီးနောက် ကာတာရှိ အင်္ဂလန်ကမ္ဘာ့ဖလား ကစားသမားစာရင်းမှ ထွက်ခွာကာ လန်ဒန်သို့ ပြန်သွားခဲ့ကြောင်း သိရသည်။ ထို့ကြောင့် အသက် ၂၇ နှစ်အရွယ် ချယ်ဆီးတောင်ပံကစားသမားသည် အင်္ဂလန်က ဆီနီဂေါအသင်းကို သုံးဂိုးပြတ်အနိုင်ရရှိသည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၆ သင်းအဆင့်ပွဲစဉ်ကို လွဲချော်ခဲ့သည်။

အိမ်ပိုင်ရှင်မိသားစုဝင်များ ဒီဇင်ဘာ ၃ ရက် ညနေပိုင်းက အိမ်သို့ ပြန်လည်ရောက်ရှိလာပြီးနောက် လက်ဝတ်ရတနာများနှင့် နာရီများအပါအဝင် ပစ္စည်းအများအပြား ခိုးယူခြင်းခံရကြောင်း တွေ့ရှိခဲ့သည်။ လက်ရှိတွင် ဖြစ်စဉ်နှင့်ပတ်သက်ပြီး နယ်မြေခံရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

စတားလင်းသည် နိုဝင်ဘာ ၃၀ ရက်က ပုဂ္ဂိုလ်ရေးအကြောင်းပြချက်ဖြင့် ဗြိတိန်သို့ ပြန်သွားသော အာဆင်နယ်ခံစစ်ကစားသမား ဘင်ဝိုက်ပြီးနောက် အင်္ဂလန်အသင်းမှ ထွက်ခွာသည့် ဒုတိယမြောက် ကစားသမားဖြစ်လာခဲ့သည်။

အောင်ဇော်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၁၂-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ်၊ ဓာဇဂ္ဂသုတ်၊ အဋ္ဌာရာယ်ကင်း ပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ ဖန်ခါးမြေသို့အလည်တစ်ခေါက် မကွေး ပြသလွန်စေတီတော်မြတ်ကြီးနှင့် မူလပြသလွန်စေတီတော်
၀၈:၀၀ ပြည်တွင်းသတင်း
၀၈:၃၅ "စိမ်းပြီးပြီးချိန်တန်ပါပြီ"
၀၉:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၀:၀၀ သတင်းထဲကသတင်း
၁၂:၃၀ 2022World Cup Hightligh(16)
၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ "အတိုးမပေးတဲ့......ဒိုးလေး" (အပိုင်း-၁၆)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း" (အပိုင်း-၃၈)
၁၅:၀၀ ဝုဏ်ယူဝင့်ကြွားဆီးဂိမ်းဆုတံဆိပ်ရှင်များ
၁၅:၃၀ ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြိုသုံးသပ်ချက်
၁၆:၀၀ ပြည်တွင်းသတင်း
၁၆:၃၅ ရုပ်မြင်သံကြားဇာတ်လမ်း "ဖိုဖြည့်ထုဆစ်... ချစ်သည့်ပန်းပုပညာ"
၁၇:၁၅ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၁၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း" (အပိုင်း-၄၄)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ 2022World Cup Hightligh(16)
၂၁:၀၅ သံစဉ်ဝေပြာစတီရီယိုတေးကမ္ဘာ
၂၁:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချိတက်" (အပိုင်း-၁၃)

**mitv**

07:02 Evergreen Classic: Dhamma Set Taw (Sein Lei Lei)
07:08 Paper Products... Plain but Pretty
07:30 Chinlone and the dreams of the player
07:45 Chef Life: Tun Tun
08:01 News
08:26 Asia Updates: Living on the Plateau (P-2)
08:43 Kyeik Paw Law Pagoda
08:52 Mote Pel Sote from Intaing Village
09:01 Topical Science Topic: Beauty of Marine Life
09:25 Listening Pleasure, Instrumental Music (Banjo) Pyoh Maung Phone
09:35 Mulberry Art Painting: Muu Muu
09:50 Thin Byu Mat
10:01 News
10:27 Unique Art of Stucco Work

**MRTV NRC**

**ချင်း (လိုင်ဇိုး) (၆:၀၀) မှ (၇:၀၀)**
ချင်းအမျိုးသားပန်းတောင်ဇလပ်

**ချင်း (ချိုး) (၇:၀၀) မှ (၈:၀၀)**
ဝိတိုရိယတောင်(ခေါ်)ခေါနူးစုမ်

**မွန် (၈:၀၀) မှ (၉:၀၀)**
ဂဝံယဉ်ကျေးမှု

**ရခိုင် (၉:၀၀) မှ (၁၁:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင် (အပိုင်း-၁)

**ရှမ်း (၁၁:၀၀) မှ (၁၃:၀၀)**
ရှေးဟောင်းမောက်စံဘုန်းတော်ကြီးကျောင်း

**ဝ (၁၃:၀၀ မှ ၁၅:၀၀)**
ကန့်လန့်ကာနောက်ကွယ်ကအသံလိုင်းများ

**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံ

**ကယား (၁၇:၀၀ မှ ၁၉:၀၀)**
မြက်နီးပွယ်ရာဝါးလက်မှုပညာ

**ပအိုဝ်းကရင် (၁၉:၀၀ မှ ၂၁:၀၀)**
ကရင်သမိုင်းကြောင်း

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ထပင်းကြပ်ခြင်း၏တန်ဖိုး

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ခံတွင်းမြိန်စေမယ့်ဒေါ်လေးရဲ့လက်ရာ

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၈:၄၅ "Economic Review" (Part-10)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၀၉:၄၅ "ASEAN Information Exchange Initiative 2022 "(Part- 14)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၄၅ ရှုလေမြင်လေကမ္ဘာမြေ
၁၂:၁၅ ကာတာကမ္ဘာ့ဖလား (Highlights)
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV Navtional News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "လျှို့ဝှက်ခြင်းအတုတု"
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၁
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဗီဂျီသမ္မတနိုင်ငံ)
၁၁:၃၀ "အတွေးအမြင်" အပိုင်း-၁

**MRTV FARMERS'**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၃၀ ဝါသီးနံ့သုတေသနမှသည်လုပငသော အနာဂတ်များဆီ
၀၆:၅၀ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
၀၇:၅၅ "တောင်သူ့ဘဝသုတကဏ္ဍ"
၀၈:၃၀ ရိုးမပေါ်ကကျွန်းစိုက်ခင်းများဆီသို့
၀၈:၅၅ သီးနှံဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝမြေဆွေးမြေဩဇာပြုလုပ်သုံးစွဲနည်း
၀၉:၄၅ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေး ဝိုင်းဝန်းဆောင်ရွက်ပေး

**MRTV SPORTS**

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၁၅:၂၀ 2022 World Cup Hightlight/ ကာတာကမ္ဘာ့ဖလားနေ့စဉ်ပွဲကြိုသုံးသပ်ချက်
၁၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ဝနေ့ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မြန်မာအမျိုးသားလေကြောင်း ရန်ကုန်-ချင်းမိုင်-ရန်ကုန် ခရီးစဉ် ပြန်လည်ပျံသန်းပြေးဆွဲမည်

ရန်ကုန် ဒီဇင်ဘာ ၅

မြန်မာအမျိုးသားလေကြောင်း (Myanmar National Airline)MNA ၏ နိုင်ငံတကာ ခရီးစဉ်သစ်ဖြစ်သော ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါခရီးစဉ်အား ဒီဇင်ဘာ ၉ ရက်မှ စတင်ကာ တစ်ပတ်လျှင်နှစ်ကြိမ် သောကြာနေ့နှင့် တနင်္ဂနွေနေ့တိုင်း ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း ယနေ့ညနေပိုင်းက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာအမျိုးသားလေကြောင်းရုံး၌ ပြုလုပ်သည့် ခရီးစဉ်မိတ်ဆက်ပွဲမှ သိရသည်။

"ရန်ကုန် - ချင်းမိုင် - ရန်ကုန် ခရီးစဉ်ကို ကိုဗစ်-၁၉ ဖြစ်သွားတဲ့အခါမှာ ရပ်လိုက်တာဖြစ်ပါတယ်။ အခုနောက်တစ်ခေါက် ပြန်ဆွဲတာဖြစ်ပါတယ်။ သောကြာနေ့မှာ တစ်ခေါက်၊ တနင်္ဂနွေနေ့မှာ တစ်ခေါက်ပါ။ ဗုဒ္ဓဟူးနေ့ နံနက်ပိုင်း နောက်တစ်ခေါက်ဆွဲ ဖို့ကိုလည်း အစီအစဉ်ရှိပါတယ်" ဟု မြန်မာအမျိုးသားလေကြောင်းမှ စီးပွားရေးဌာနမှူးချုပ် ဦးနိုင်စောလွင် ကပြောသည်။




ရန်ကုန် - ချင်းမိုင် - ရန်ကုန်ခရီးစဉ်ကို ATR72-600 လေယာဉ်ဖြင့် ပျံသန်းပြေးဆွဲမည်ဖြစ်ပြီး စီးနင်းသူခရီးသည် များပြားလာသည့်အချိန်တွင် ဘိုးရင်းလေယာဉ်ဖြင့် တိုးချဲ့ပြေးဆွဲမည်ဖြစ်သည်။ ရန်ကုန်မှထွက်ခွာသည့် ခရီးစဉ်တွင် ညနေ ၅ နာရီ ၁၀ မိနစ်တွင် ထွက်ခွာပြီး ဒေသစံတော်ချိန် ည ၇ နာရီတွင် ချင်းမိုင်သို့ရောက်ရှိမည်ဖြစ်သည်။ ထို့အတူ ချင်းမိုင်မှ ဒေသစံတော်ချိန် ည၈နာရီတွင် ပြန်လည်ထွက်ခွာပြီး ည ၈ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့သို့ ရောက်မည်ဖြစ်သည်။

မြန်မာအမျိုးသား လေကြောင်းလိုင်းအနေဖြင့် လက်ရှိတွင် ထိုင်းနိုင်ငံ ဘန်ကောက်သို့ နံနက်တစ်ခေါက် ညနေတစ်ခေါက်၊ စင်ကာပူနိုင်ငံသို့ နံနက်တစ်ခေါက်၊ တရုတ်နိုင်ငံ ကူမင်းသို့ အပတ်စဉ် တနင်္လာနေ့တိုင်းနှင့် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ တစ်ပတ်လျှင် သုံးကြိမ် ပျံသန်းပြေးဆွဲလျက်ရှိပြီး တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံများသို့ ခရီးစဉ် တိုးချဲ့ပျံသန်းနိုင်ရေး ဆောင်ရွက်ရှိကြောင်း သိရသည်။

**အာကာလင်း**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅ - ၁၂ - ၂၀၂၂

| ရွှေ | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၂၈၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၁၂၀၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၀၇ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၈၀၀ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၄၀၀ ကျပ် | ၂၄၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၇၅ ကျပ် | ၂၅၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၆၅ ကျပ် | ၂၀၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၄၀ ကျပ် | ၂၀၉၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၁၇ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၅၈ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၄၄ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၃ . ၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၈၁ . ၃၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၂ . ၀၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၆၈၀ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၁၀၀ | ၁၂၆၉ | ၁၁၅၃၁၀၀၀ |
| MTSH | ၃၃၀၀ | ၃၄၀၀ | ၁၀၂၂ | ၃၃၇၃၆၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၇၃ | ၅၅၆၀၀၀ |
| FPB | ၁၉၅၀၀ | ၁၉၀၀၀ | ၁၄၉၇ | ၂၈၇၉၃၀၀၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၉ | ၂၃၈၅၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၉၇ | ၂၅၇၀၅၀ |
| AHP | ၄၉၀၀ | ၄၈၀၀ | ၃၆၂ | ၁၇၈၈၆၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီမွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

(၂၁) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲ ဂုဏ်ပြုဆောင်းပါး

# မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာတိုင်းရင်းဆေးပညာအစဉ်အလာနှင့် ဆေးဝါးများကို စာပေအထောက်အထားများအရ လေ့လာတင်ပြခြင်း

နေနေနိုင်ရည် (တိုင်းရင်းဆေးပညာဦးစီးဌာန)

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနသည် တိုင်းရင်းသားပြည်သူများအားလုံး၏ ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်၍ စောင့်ရှောက်လျက် ရှိပါသည်။

စာရေးသူအနေဖြင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာတိုင်းရင်းဆေးပညာ အစဉ်အလာနှင့် ဆေးဝါးများကို စာပေအထောက်အထားများအရ လေ့လာပြီး ရေးသားတင်ပြလိုက်ရပါသည်။ ရည်ရွယ်ချက်အနေဖြင့် ပြည်ထောင်စုကြီးတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာတိုင်းရင်းဆေးပညာအစဉ်အလာနှင့် ဆေးဝါးများကို သိရှိစေရန်၊ ပြည်ထောင်စုကြီးတွင် အတူတကွနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ ရိုးရာတိုင်းရင်းဆေးပညာ အစဉ်အလာနှင့် ဆေးဝါးများဖွံ့ဖြိုးတိုးတက်စေရန်၊ ရိုးရာတိုင်းရင်းဆေးပညာအစဉ်အလာနှင့် ဆေးဝါးများကိုသိရှိပြီး ရိုးရာတိုင်းရင်းဆေးကုထုံးနည်းစနစ်များနှင့် ဆေးဝါးများကို လက်တွေ့အသုံးချနိုင်ရေးအတွက် စနစ်တကျ ပြန်လည်ဖော်ထုတ်ရန်တို့ ဖြစ်ပါသည်။

## ကချင်တိုင်းရင်းသားလူမျိုးများ၏ ရိုးရာတိုင်းရင်းဆေးပညာအစဉ်အလာနှင့် ဆေးဝါးများ

### ကိုယ်ဝန်ဆောင်ခြင်း၊ သားဖွားခြင်းနှင့် ရိုးရာဆေးပညာ

ကိုယ်ဝန်ဆောင်နေစဉ် မိခင်ဖြစ်သူမှာ ပျားရည်၊ ဖြူသား၊ ဝံပုလွေသား၊ မျောက်သားများကို စားသုံးခြင်းမှ ရှောင်ကြဉ်ကြသည်။ ထိုအရာများကို စားသုံးမိလျှင် ကိုယ်ဝန်ပျက်တတ်ပြီး မွေးဖွားရာတွင် ခက်တတ်သည်ဟု အယူရှိကြသည်။ တက်စာများ စားခြင်းမှလည်း ရှောင်ကြဉ်ကြသည်။ မြစ်ချောင်းများကို ကူးဖြတ်ခြင်း မပြုရ။ ကိုယ်မှ အဝတ်တန်ဆာများကို သူတစ်ပါးအားမပေးရ။ လက်ဖွဲ့ပစ္စည်းများ မပေးရ။ အလေးအပင် မ ခြင်း၊ အမြင့်မှ ခုန်ဆင်းခြင်းတို့ကို ရှောင်ကြဉ်ကြသည်။

ကိုယ်ဝန်ဆောင်အမျိုးသမီးသည် နေ့ရက်စေ့၍ မီးဖွားသည့်အချိန်တွင် အိမ်ရှိ မီးဖိုခန်း၌ မွေးဖွားကြသည်။ နွေးနွေးထွေးထွေးနေကြသည်။ မွေးဖွားသည့်အမျိုးသမီးအား သွေးလည်ပတ်မှုကို ဟန့်တားစေသော ရေအေးတိုက်ခြင်း၊ အေးသောအစာများကျွေးခြင်းမပြုကြပေ။ မီးဖွားပြီး ကလေးမိခင်ကို ကြက်ဥကစော်နှင့် သစ်ကြားသီးဆီ (သို့မဟုတ်) ဝက်ဝံဆီ (သို့မဟုတ်) ကျွဲအဆီတို့နှင့် ကြော်ကျွေးကြပါသည်။ ကလေးမွေးစအရွယ်မှစ၍ မိခင်နို့ရည်ကိုသာ အဓိက တိုက်ကျွေးကြသည်။ ကလေးနှစ်နှစ်နီးပါးအရွယ်သို့ရောက်လျှင် နို့ဖြတ်ပြီး ထမင်းကို ကျွေးကြသည်။

### ကလေးချက်ကြွေအခြောက်အသုံးပြုပုံ

ကလေးချက်ကြွေသွားသောအခါ အခြောက်ကို သိမ်းဆည်းထားကြသည်။ ကလေးအအေးမိလျှင် ဖြစ်စေ၊ ကလေးနှာစေး၊ လည်ချောင်းနာပြီး ချောင်းဆိုးရင်ကျပ်လျှင်ဖြစ်စေ၊ ဖျားနာလျှင်ဖြစ်စေ ကလေး၏ လည်ပင်းတွင် ဤချက်ကြိုးအခြောက်ကို ဆွဲပေးထားခြင်းဖြင့် ပျောက်ကင်းသည်ဟု အယုံအကြည်ရှိကြသည်။ ဝမ်းရောဂါဖြစ်လျှင်လည်း ဆေးဖော်ရန် ဆေးဖက်ဝင်သည်ဟု ယုံကြည်ကြသည်။ အခြားရောဂါများ ကပ်ရောက်လျှင်လည်း ချက်ကြိုးအခြောက်ကို ကလေးလည်ပင်းတွင် ချိတ်ဆွဲပေးလေ့ရှိသည်။

### ရိုးရာဆေးဝါးများ

ရှေးအခါက မီးဖိုပေါ်မှ ကျပ်ခိုးနှင့်ဆားမှာ အဓိကဆေးဝါးဖြစ်သည်။ သစ်မြစ်၊ သစ်ဥနှင့် “မရှော့ရွက်” ကိုအသုံးပြုကြသည်။ ဝါညားရိုးရာဆေးဖြင့် ကုသကြသည်။ ဝါညားဆိုသည်မှာ အမောက်ပါပြီး အမြီးရှည်သော ငှက်တစ်မျိုးကို လီဆူဘာသာစကားဖြင့်ခေါ်ဆိုခြင်းဖြစ်သည်။ ယင်းငှက်ကလေးနေထိုင်သည့် တောတောင်များမှရရှိသော ဆေးဝါးများဖြင့် ဖော်စပ်ကုသကြသည်။ မီးယပ်ရောဂါ၊ ငှက်ဖျားရောဂါ၊ သူငယ်နာရောဂါ၊ အသားဝါရောဂါများကို ကုသပါသည်။ ထို့ပြင် လီဆူတိုင်းရင်းဆေးဆရာများ လက်စွဲဆေးကျမ်းလည်း ရှိကြသည်။ ထိုကျမ်းကို ၁၉၇၀ ပြည့်နှစ်က ပြုစုခဲ့ကြပါသည်။ ဆေးကျမ်းမှာ ဆေးနည်းပေါင်း ၅၀၀ ကျော်ပါဝင်သည်ဟု သိရသည်။

## ကယားတိုင်းရင်းသားလူမျိုးများ၏ ရိုးရာတိုင်းရင်းဆေးပညာ အစဉ်အလာနှင့် ဆေးဝါးများ

### ကိုးကွယ်ယုံကြည်မှုအစွဲအလမ်းနှင့် ရိုးရာဆေးပညာ

လူတစ်ယောက် နေထိုင်မကောင်းဖြစ်လျှင် ရှမ်းဆေးဆရာများနှင့် ကုသကြသည်။ ဖျားလျှင် ဂျင်း(ချင်း)ဖြူက သွေး၍ရသော ချင်းအရည်ဖြင့် လူနာကို ပက်ဖျန်းပေးလေ့ရှိကြသည်။

ကလေးများ အသက်ရှည်စေရန်နှင့် ဘေးအန္တရာယ်ကင်းဝေးစေရန် သစ်အင်ဖူးခေါ် ချင်းဖြူကို အပေါက်ဖောက်၍ ကြိုးသီပြီး ကလေး၏ လည်ပင်းတွင်ဆွဲထားပေးလေ့ရှိကြသည်။ အချို့က ရှိန်းခိုကို ရောဂါကင်း၍ ပယောဂ မဝင်စေရန်ကြိုးဖြင့် ဆွဲထားပေးကြသည်။ နေထိုင်မကောင်းဖြစ်ခြင်း၊ စကားမပီသခြင်း၊ စိတ်ကယောင်ချောက်ချားဖြစ်ခြင်း၊ ခြေထောက်ကျိုးသွားခြင်းဖြစ်လျှင် ဝါးကပ်၍ ကုသသည်။ ထို့ပြင် ကြက်ဥဖြင့် ရောဂါဇာစ်မြစ်ကိုရှာပြီး ရောဂါရှိသောနေရာကို ကြက်ဥဖြင့် ပွတ်၍ ရောဂါကူးကာ ကုသကြသည်။ ထို့နောက် ကြက်ဥကို ခွဲကြည့်လျှင် ကြက်ဥ၌ သွေးများထွက်လာပြီး ရောဂါဝေဒနာ သက်သာသွားကြသည်ဟု သိရသည်။

> “ ယခုထက် အကျိုးအာနိသင် ပိုမိုအစွမ်းထက်သောဆေးဖုံများ ထွက်ပေါ်လာစေရန်၊ ရောဂါအလိုက် သီးသန့်ဆေးဖုံများ ပေါ်ပေါက်စေရန်၊ အထောက်အထား ခိုင်လုံမှုရရှိစေရန်၊ ဆေး၏ဘေးထွက်ဆိုးကျိုးများကို လျှော့ချရန်၊ ယခုထက်ပိုပြီး လူအများလက်ခံယုံကြည်သုံးစွဲလာစေရန် စသောကောင်းကျိုးများ ရရန်တို့အတွက် ရိုးရာတိုင်းရင်းဆေးကုထုံးနည်းစနစ်များနှင့် ဆေးဝါးများကို စနစ်တကျပြန်လည် ဖော်ထုတ်ရမည်ဖြစ် ”

### ကယားပြည်နယ်တွင် အသုံးပြုလျက်ရှိသော ဆေးပြုတ်ရည် (ဆေးဝါရည်) ချိုးခြင်း ရိုးရာဆေးပညာ

ကယားပြည်နယ်တွင် နေထိုင်ကြသော ကယားလူမျိုးစုတို့သည် ရောဂါမဖြစ်ပွားမီနှင့် ဖြစ်ပွားနေစဉ်တွင် လည်းကောင်း၊ ပြန်လည်ကျန်းမာလာစဉ်နှင့် ကျန်းမာနေစဉ်တွင် ကြိုတင်ကာကွယ်ရန်လည်းကောင်း၊ မီးဖွားပြီးစတွင်လည်ကောင်း ဆေးပြုတ်ရည် (ဆေးဝါရည်) ချိုးခြင်းအလေ့အထကို မိရိုးဖလာယုံကြည်မှုနှင့် ရိုးရာတိုင်းရင်းဆေးများအပေါ် အားထား၍ ယနေ့ထက်တိုင် ယုံကြည်စွာဖြင့် ဆောင်ရွက်လျက်ရှိကြပါသည်။

ဆေးပြုတ်ရည်(ဆေးဝါရည်) ပြုလုပ်ရာတွင် ပါဝင်သောပစ္စည်းများမှာ ဆူးကိုးမျိုး၊ ဆေးကိုးမျိုး ပါဝင်ပါသည်။ ဆူးကိုးမျိုးမှာ (သံပရာ၊ ထိကရုန်း၊ ရှောက်၊ ဆီး၊ နန်းလုံးကြိုင်၊ ကင်ပွန်းချဉ်၊ နှင်းဆီ၊ ဆူးပြောင်းပြန်၊ တရုတ်မန်ကျည်း) ဖြစ်ပြီး ဆေးကိုးမျိုးမှာ (ဆေးပုလဲ၊ ရင်းပြား၊ ချင်း၊ ပိစပ်၊ ကြောင်ပန်း၊ နနွင်း၊ သက်ရင်းကြီး၊ မိဿလင်၊ လင်းနေ)တို့ဖြစ်သည်။ ဆူးကိုးမျိုး၊ ဆေးကိုးမျိုး အကုန်လုံး မရနိုင်ပါက သုံးမျိုး၊ ငါးမျိုး၊ ခုနစ်မျိုးအထိ အသုံးပြုကြပါသည်။

ဆေးပြုတ်ရည် (ဆေးဝါရည်) ပြုတ်ခြင်းတွင် မီးဖိုအဆင်သင့်ဖြစ်လျှင် ဒန်အိုးထဲသို့ရေ ၁၀ ဂါလန်၊ ဆူးကိုးမျိုး၊ ဆေးကိုးမျိုးတို့ကို ရောထည့်ပြီး ရေကို ဆူပွက်လာအောင်တည်ရပါသည်။ ဆူလာပြီး ဆေးပြုတ်ရည်သည် တဖြည်းဖြည်းနှင့် အဝါရောင်ဘက်သို့ သန်းလာပြီး အနည်းငယ်မွှန်၍ မွှေးကြိုင်သော ဆေးပြုတ်ရည်ကို ရရှိပါက အသုံးပြုနိုင်ပြီဖြစ်ပါသည်။

### ရိုးရာဆေးဝါးများ

ဂမုန်းပင်များကို စိုက်ပျိုးကြသည်။ အထူးသဖြင့် ကွမ်းစားဂမုန်းကို ဆေးဖက်ဝင်သောကြောင့် အိမ်နှင့် ယာခင်းထဲတွင် စိုက်ကြသည်။ ချင်းဖြူ၊ ချင်းနီ၊ ချင်းဝါတို့သည် ဆေးဖက်ဝင်သောကြောင့် အိမ်တွင် စိုက်ထားကြသည်။ တောဝက်စွယ်ကို ဆောင်ထားလျှင် အရွယ်နုပျိုစေသည်၊ အင်အားပြည့်စေသည်၊ ဘုန်းတန်ခိုးကြီးမားစေသည်ဟု အယူရှိကြသောကြောင့် ဆောင်ထားကြသည်။ ကျားသည်းခြေ၊ လက်သည်းများ ဆွဲပေးလျှင် ကျန်းမာသည်ဟု အယူရှိသောကြောင့် ကလေးများ၏ လည်ပင်းတွင် ဆွဲပေးကြသည်။

## ကရင်တိုင်းရင်းသားလူမျိုးများ၏ ရိုးရာတိုင်းရင်းဆေးပညာ အစဉ်အလာနှင့် ဆေးဝါးများ

### ကိုယ်ဝန်ဆောင်ခြင်းနှင့် ရိုးရာဓလေ့ဆေးများ

ကိုယ်ဝန်ဆောင်မိခင်လောင်းကို အင်အားဖြစ်စေရန် ကျောက်ပွင့်သဏ္ဍာန် အဝါရောင်ငှက်သိုက်တစ်မျိုးကို ရေစိမ်၍ သောက်စေသည်။ ရေမန်းကို မပြတ်သောက်ကြရသည်။

### မီးဖွားခြင်းနှင့် ရိုးရာဓလေ့ဆေးများ

မီးဖွားသည့်အခါ လက်သည်နှင့် ဖွားသည်။ မီးဖွားပြီးသောအခါ တစ်ကိုယ်လုံးနနွင်းလိမ်း၍ ငါးရက်ဆက်ပြီး အုတ်ပူထိုးမီးလှုံရသည်။ မီးဖိုရာတွင် ထင်းအဖြစ် မြရာပင်ထင်းကို အသုံးပြုကြသည်။ ပျဉ်းကတိုးထင်းကို လုံးဝမသုံးရပါ။ အုတ်ပူထိုးပြီး ငါးရက်ဆက်ကာ ပေါင်းခံချွေးထုတ်ရသည်။ မီးထွက်သည့်နေ့တွင် ရေချိုးရသည်။ မီးနေသည်သည် တစ်လလုံး နနွင်းလိမ်းခြင်း၊ ရေမန်းသောက်ခြင်း၊ နနွင်းနှင့် ဆားမီးဖုတ်သောက်ခြင်းများကို ပြုလုပ်ရသည်။ နနွင်း၊ မိဿလင်၊ ငရုတ်ကောင်း၊ ထုံးနှင့် ဆားများမှာ တောင်ပေါ်ကရင်တို့၏ မီးနေဆေးများဖြစ်သည်။ မီးဖွားစဉ် သွေးမတက်စေရန် တောငှက်ပျောစေ့ကို ပုတီးလုပ်၍ လည်တွင် ဆွဲရသည်။ ကရင်လူမျိုးတို့သည် ကလေးငယ်အား မိခင်၏ နို့ရည်ကိုသာ တိုက်ကျွေးလေ့ရှိသည်။ နို့ထွက်စေရန် မိဿလင်နှင့် ငရုတ်ကောင်းရေကို လည်းကောင်း၊ ရေမန်းကိုလည်းကောင်း သောက်ရသည်။

## ချင်းတိုင်းရင်းသားလူမျိုးများ၏ ရိုးရာတိုင်းရင်းဆေးပညာ အစဉ်အလာနှင့် ဆေးဝါးများ

### မီးဖွားခြင်းနှင့် ရိုးရာဓလေ့ဆေးများ

ချင်းအမျိုးသမီးများမှာ မီးဖွားပြီးပါက ချင်းထောင်းပြီး ရေနွေးနှင့် သောက်ကြသည်။ နို့ထွက်စေရန် ခေါင်ရည်သောက်ရသည်။ သွေးတက်ခြင်းမဖြစ်စေရန် မန်းမှုတ်ကြသည်။ မီးဖွားပြီးကလေး မျက်နှာမြင်ပြီးလျှင်ပြီးချင်း ခေါင်ရည်တိုက်ရသည်။ ကလေးမွေးပြီးနောက် အချင်းမကျလျှင် လုပ်ရပါက ရှေကီးတောက်ဟု ခေါ်သောအပင်မှ အမြစ်ကို ထောင်းကြိတ်၍ ရသည့်အရည်ကို သောက်စေသည်။ ဟားခါးဘက်တွင် ယင်းဆေးပင်များကို အများအပြားစိုက်ပျိုးကြသည်ဟု သိရသည်။

### ထင်ရှားသည့် ရိုးရာဆေးဝါးများ

ချင်းအမျိုးသားတို့၏ ထင်ရှားသော ရိုးရာဆေးဝါးများမှာ ထိခိုက်ရှနာပျောက်ဆေး၊ သွားကိုက်ဆေး၊ ဝမ်းနာပျောက်ဆေး၊ မြွေဆေး၊ ကုဌနူနာဆေးတို့ဖြစ်သည်။ သွေးစုနာဖြစ်လျှင် ထုံးနှင့် ပျားရည်ရောစပ်၍ ပွတ်ရသည်။ ဖျားနာသော် ခမီချင်းတို့အခေါ် အန်တောင်မြစ်နှင့် ကစွပ်ခါးမြစ်ကို သွေးသောက်ရသည်။ အန်တောင်မြစ်သည် အလွန်ခါးသည်။

ကာလဝမ်းဖြစ်လျှင် စပါးကြီးသည်းခြေကို သွေးတိုက်သည်။ ဝမ်းလျှောသော် ငှက်ပျောသီးစိမ်းကို အခွံပါပြုတ်၍ စားကြသည်။ ဝမ်းကိုက်လျှင် လက်ပံခေါက်ကိုထောင်းထု၍ အရည်ကိုတိုက်သည်။ ဝက်သက်ပေါက်လျှင် ဝက်ချေးကိုပြာချ၍ သောက်သည်။ သံစူးလျှင် ကြက်သွန်နီဖြင့် သိပ်၍ ထုရိုက်ပေးကြသည်။ သံဆိပ်တက်ခြင်းမရှိနိုင်ဟုဆိုသည်။

စာမျက်နှာ ၂၁ သို့

**(၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်**

**(၂၁)ကြိမ်မြောက်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်**

**မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို**

**၂၀၂၂ ခုနှစ် ဒီဇင်ဘာလ (၈၊ ၉)ရက် တို့တွင် MICC-2 နေပြည်တော်၌**

**ကျင်းပမည်ဖြစ်ပါသည်။**

စာမျက်နှာ ၂၀ မှ

ရောဂါဖြစ်လျှင် မိမိတို့ဘာသာ ကုသလေ့ရှိသော ဆေးမြီးတိုမှာ ကာလဝမ်းရောဂါဖြစ်ပွားလျှင် သို့မဟုတ် ဝမ်းလျှောလျှင် နဘဲခေါက် (နောက်အော်နာဂ ဘာသာစကားဖြင့် ခေါက်ထင်ပိုင်ရှဲ ဟု ခေါ်သည်။) ယင်းကို ရေစိမ်၍ သောက်ကြသည်။ ကလေးများကို မာလကာရွက် အရည်ပြုတ်၍ တိုက်ကြသည်။ ကိုယ်ရောင်ကိုယ်ဖောဖြစ်လျှင် ဆံခုတ်ပိုင်ယူ ဆေးမြစ်တစ်မျိုးကို ပြုတ်၍ သောက်ကြသည်။

ရိုးရိုးဖျားလျှင် မုရားကြီးရွက်ကို ပြုတ်၍သောက်၏။ အရိုးအဆစ်များနာကျင်လျှင် လက်ခြေ စသည်တို့ ကွေး၍ မရလျှင် သွေးဖောက်လေ့ရှိကြ၏။ ဝက်ဝံသည်းခြေကို ပရဆေးတစ်မျိုးအနေဖြင့် သုံးစွဲကြသည်။ ဝမ်းတွင်းနာ၊ လေထိုးလေနာများဖြစ်သည့်အခါ ပြုတ်သောက်ကြသည်။

## ဗမာတိုင်းရင်းသားလူမျိုးများ၏ ရိုးရာတိုင်းရင်းဆေးပညာ အစဉ်အလာနှင့်ဆေးဝါးများ

ဗမာတိုင်းရင်းသား လူမျိုးများမှာ၊ အဓိကအားဖြင့် ဒေသန္တရဆေးပညာ၊ ဘေသဇ္ဇနယ ဆေးပညာ၊ နက္ခတ္တနယဆေးပညာ၊ ဝိဇ္ဇာဓရနယဆေးပညာနယကြီးလေးပါးဖြင့် ကုသကြသည်။ နယကြီးလေးပါးအနက် ဗမာလူမျိုးတို့နှင့်အဓိက သက်ဆိုင်သည့် "ဒေသန္တရဆေးပညာ" ကို အဓိက ထားပါသည်။ ယင်းတို့မှာ ရောဂါဖြစ်စေသော အဝေးကြောင်းများဖြစ်သည့် ကံ၊ စိတ်၊ ဥတု၊ အာဟာရသမုဋ္ဌာန်လေးပါးနှင့် ရောဂါဖြစ်စေသော အကြောင်းများဖြစ်သည့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဓာတ်များဖြစ်သော မဟာဘုတ် လေးပါးတို့ဦးဆောင်ပါဝင်သည့် ရုပ်ကလာပ်တို့ ဖောက်ပြန်ပျက်စီးခြင်းသည် ရောဂါအမျိုးမျိုးဖြစ်ပေါ်လာခြင်းကို မြန်မာ့တိုင်းရင်းဆေးပညာ အစဉ်အလာနှင့်ဆေးဝါးများဖြင့် ကုသခြင်းဖြစ်ပါသည်။

## မွန်တိုင်းရင်းသားလူမျိုးများ၏ ရိုးရာတိုင်းရင်းဆေးပညာ အစဉ်အလာနှင့်ဆေးဝါးများ

### ရိုးရာတိုင်းရင်းဆေးပညာအစဉ်အလာနှင့်ဆေးဝါးများ

မွန်အမျိုးသားတို့သည် မကျန်းမမာဖြစ်ခဲ့လျှင် မိမိတို့၏ ရိုးရာဆေးဝါးကုသနည်းဖြင့် ကုသကြသည်။ မွန်အမျိုးသားတို့၏ ရိုးရာဆေးဝါးများသည် မိမိတို့၏ ဒေသအတွင်းမှရနိုင်သော ဆေးဖက်ဝင်သည့် သစ်မြစ်၊ သစ်ဥ စသည်များဖြင့်သာ ဖော်စပ်ကြလေသည်။

### ရိုးရာဆေးဝါးများ

ခေါင်းကိုက်လျှင် ဆေးရွက်ကြီးကို ထုံးသုတ်မီးကင်ပြီး ရှူပေးကြသည်။ ချွေးရရန် ကွမ်းရွက်ပြုတ်ရည်ကို သောက်ကြသည်။ မျက်စိနာလျှင်နို့ရည်ခတ်ပေးသည်။ အရိုးစူးလျှင် ရေမန်းတိုက်သည်။ အသွေးမိ၍ ကိုယ်ပူလျှင် ခုံညင်းဆန်နှင့် ဆီမင်းမြစ်ကိုသွေး၍ တိုက်သည်။ နတ်ပန်းညိုနှင့် ကွမ်းစားဂမုန်းကို ထောင်းပြီး နှမ်းဆီနှင့် လိမ်းပေးကြသည်။

ထိခိုက်ရှနာလျှင် ခရမ်းကစော့သီး၊ ပိစပ်ရွက်ကို ဆားနှင့်ရော၍ ကြိတ်ပြီး အနာပေါ်အရည်ညှစ်ချကာ ပိန်းရိုင်းအသားကိုယူပြီး ထုံးနှင့်အနာကိုသပ်ရသည်။ ပိစပ်ရွက်ကိုညက်အောင်ထောင်းပြီး အနာပေါ်အုံပေးပါက အနာအကျက်မြန်၍ ပျောက်ကြသည်။ အပူရှပ်လျှင် ဥသျှစ်ခွံကို သွေး၍ တိုက်ရသည်။ အပူရှပ်၍ဖျားနေလျှင် မြက်ချုံရွက်နှင့် ခုံညင်းဆန်ကို ဆန်ဆေးရည်နှင့် သွေးပြီး ဆားထည့်သောက်ကြသည်။ အပူဖျားကို ထုံးကြက်တက်ရည် တိုက်ကျွေးကြသည်။ အအေးနာဆိုလျှင် ကွမ်းရွက်ပြုတ်ရည်သောက်ရသည်။ အအေးဖျားကို ကျပ်ခိုး၊ နနွင်း၊ ဥသျှစ်ခွံ၊ သနပ်ခါးခေါက်တို့ကို သွေးပြီးရော၍ သုံးခွက်တစ်ခွက်တင်ကျို၍သောက်ကြသည်။ ငန်းဖမ်းလျှင် ကွမ်းရွက်ရည်နှင့် ကျပ်ခိုးကို ဆားစိမ်းထည့်၍ တိုက်ကြသည်။ ဖျားလျှင်ကွမ်းရွက်ပြုတ်ရည် နနွင်းခါး ကျပ်ခိုးတို့ရော၍တိုက်ပြီး ချွေးထုတ်ပေးသည်။

ဗိုက်အောင့်ဗိုက်နာက ဆားမီးဖုတ်၍ မျိုကြသည်။ ဝမ်းနာလျှင် မုတ်ခါးကို သံပရာရည် ဆားတို့နှင့် ရော၍ တိုက်ကြသည်။ အပူဝမ်းသွားလျှင် လက်ထုတ်ခေါက်၊ ကျပ်ခိုးတို့ကိုရော၍ သုံးခွက်တစ်ခွက်တင် ကျို၍သောက်ကြသည်။ အပုပ်ဝမ်းဖြစ်ပါက ကန့်ချုပ်နို၊ ဆီးအမြစ်၊ လေးညှင်းပွင့် ကျပ်ခိုး တို့ကို သုံးခွက်တစ်ခွက် တင်ကျို၍ သောက်ကြသည်။ အအေးဝမ်းသွားလျှင် ငရုတ်ကောင်းစေ့ကို ဝါးစားကြသည်။ သွားပိုးရှိလျှင် ကန့်ချုပ်နီဆီကို သုတ်ပေးပါက သွားပိုးသေသည်။ အဖုအကျိတ်ထွက်ပါက ဇာတိပ္ဖိုလ်သီး(သို့မဟုတ်) ကွမ်းစားဂမုန်းကိုသွေး လိမ်းကြသည်။ ကိုယ်ဖောရောဂါကို နွားနက်ကျင်ငယ်ရည်ကိုချက်ပြီး ဆားစိမ်းထည့်တိုက်ကြသည်။ ဆီးချိုရောဂါအတွက် တည်သင်းသီးဆားစိမ်ရည်ကို သောက်ပေးကြသည်။ သွေးတိုးရောဂါအတွက် ခရာပင်မြစ်ကို ဆန်ဆေးရည် နှင့် သွေး၍တိုက်ကြသည်။ သူငယ်နာကျောက်ပူခေါင်းပူဖြစ်ပြီး တက်လျှင် စပါးကြီးသည်းခြေနှင့် အာခေါင်ကို ပွတ်ပေးသည်။

### လယ်ယာလုပ်ငန်းချိန် ကျွဲ၊ နွားများအတွက် ရိုးရာဆေးဝါးများ

လယ်လုပ်စဉ်မျှော့တွယ်လျှင် ထုံး၊ ဆေးရွက်ကြီးတို့ဖြင့် ရောစပ်ပြုတ်ထားသော ဆေးကို တုတ်ဖြင့် သုတ်၍ မျှော့ကိုခွာကြသည်။ ဖြတ်မကိုက်စေရန် ကြက်သွန်နီကိုထောင်း၍ ရေနံဆီနှင့် သုတ်ထားကြသည်။ ကျွဲ၊ နွား သန်ကောင်ရှိလျှင် ဆေးရွက်ကြီးကို တစ်နေ့လုံး ရေစိမ်ပြီး ယင်းအရည်ကို သကြားရည်နှင့် ရောတိုက်ကြသည်။

## ရခိုင်တိုင်းရင်းသားလူမျိုးများ၏ ရိုးရာတိုင်းရင်းဆေးပညာ အစဉ်အလာနှင့်ဆေးဝါးများ

### ကိုယ်ဝန်ဆောင်ခြင်းနှင့် ရိုးရာဓလေ့ဆေးများ

ကိုယ်ဝန်ဆောင်အမျိုးသမီးသည် ညဘက်တွင် ရေချိုးလေ့မရှိ၊ ငှက်ပျောအမြွှာပူး၊ အဖျားနှစ်ခွရှိသော ကွမ်းရွက်၊ ဟင်းရွက်စိမ်းနှင့် မှို၊ မျှစ်တို့ကို ရှောင်ကြသည်။

### မီးဖွားခြင်းနှင့်ရိုးရာဓလေ့ဆေးများ

မီးဖွားရာတွင် အရပ်လက်သည်ဖြင့် မွေးဖွားလေ့ရှိကြသည်။ မီးဖွားရန် ခဲယဉ်းနေပါက ပရိတ်ရေသောက်ခြင်း၊ အမိုးလက်ဆံ (အိမ်မိုးဓနိရွက်) ကို ယူပြီး နယ်နက္ခတ်အကွက်ရေး ရေး၍ ကိုယ်ဝန်ဆောင်အမျိုးသမီး၏ ဆံထုံးတွင် ဖောက်ထိုးစိုက်ပေးခြင်းများ ပြုလုပ်ကြသည်။ ထိုအမျိုးသမီး၏ သေတ္တာ၊ တံခါးပေါက်၊ ရေအိုးဖုံးများကို ဖွင့်ထားလေ့ရှိသည်။ မီးဖွားလျှင် အိမ်လေးထောင့်၌ ဆီးခက်များ ချိတ်ဆွဲကြသည်။ မိစ္ဆာများ မနှောင့်ယှက်နိုင်အောင် ဩဇာရွက်များ ထိုးထားကြသည်။

မီးနေသည်ကို မီးတွင်း၌ နနွင်းနှင့် ရင်းပြားဆီတိုက်လေ့ရှိသည်။ မိသလင်စားလေ့ရှိသည်။ ရေချိုးရာတွင် မီးလှုံသောအမျိုးသမီးများသည် ရေနွေးနှင့်ချိုးလေ့ရှိသည်။ ရေချိုးပြီးလျှင် နနွင်းနှင့် တောင်တန်ကြီးကို ရော၍လိမ်းကြသည်။ ချွေးပေါင်းအိုးဖြင့် ချွေးအောင်းလေ့ရှိသည်။ တစ်လကြာမှ ခေါင်းလျှော်လေ့ရှိသည်။

### ရခိုင်ရိုးရာဆေးဝါးများ

ရခိုင်လူမျိုးတို့တွင် ဆေးဝါးကုသခြင်းဆိုင်ရာ ရိုးရာဆေးပညာကျမ်းများရှိသည်။ ဆေးဝါးကုသရာတွင် တောဆေးပေါင်း သုံးထောင့်ခြောက်ရာ ကျမ်းခေါ် ဆေးသေတ္တာကျမ်း၊ ရောဂါ၏အခြေအနေဖြစ်ပျက်ပုံနှင့် လက္ခဏာရပ်များကို ပြဆိုသောလက္ခဏာဒီပနီကျမ်း၊ ဒေါနန္ဒကျမ်း၊ ပဥ္စပုတ်ကျမ်း၊ ဖော်စပ်နည်းတည်းဟူသော ဓာတုဒီပနီကျမ်း၊ ကုထုံးကျမ်း၊ အနာပေါက်ကျမ်းနှင့် လောကကျမ်း စသည့်ကျမ်းများ ရှိကြသည်။

## ရှမ်းတိုင်းရင်းသားလူမျိုးများ၏ ရိုးရာတိုင်းရင်းဆေးပညာ အစဉ်အလာနှင့် ဆေးဝါးများ

### ကိုယ်ဝန်ဆောင်ခြင်းနှင့် ရိုးရာဓလေ့ဆေးများ

ရှမ်းအမျိုးသမီးများသည် ကိုယ်ဝန်ဆောင်မှုနှင့် မီးနေမှုတွင် မြန်မာနှင့်တူသော ဓလေ့ထုံးစံများကို တွေ့ရှိရသည်။ နေဝင်မိုးချုပ်ရေမချိုး၊ နေဝင်မိုးချုပ်အပြင်ထွက်လျှင် မကောင်းဆိုးဝါး မကပ်နိုင်ရန် ခေါင်းတွင် အပ်စိုက်ရသည်။ မီးနေသောအခါ ခေါင်းမကိုက်စေရန် ခေါင်းကို တစ်လ၊ နှစ်လအထိ အဝတ်နှင့် ပေါင်းထုပ်ထားကြသည်။

### မီးဖွားခြင်းနှင့် ရိုးရာဓလေ့ဆေးများ

မီးဖွားရာတွင် လက်သည်နှင့်မွေးသည်။ မီးတွင်း၌ ပူစပ်သောဆေးများကိုသာ စားရသည်။ မီး ၁၀ ရက်လုံ၊ မိသလင်ရည်ကို သောက်ပြီး မိသလင်ရည် လိမ်းလေ့ရှိကြသည်။ မွေးဖွားပြီးနောက် မီးလှုံခြင်းကို မီး ၁၀ ရက် လှုံရသည်။ သွေးသားကောင်းမွန်စေရန် မိုက်လွက်ခေါ် သစ်ပင်တစ်မျိုးကို ထင်းစိုက်၍ မီးလှုံရသည်။ နနွင်းလိမ်းခြင်း၊ သောက်ခြင်း၊ ရေနွေးသောက်ခြင်း၊ ချင်းရည်သောက်ခြင်း ပြုကြသည်။ ၄၅ ရက် ကြာ မီးတွင်းနေလေ့ရှိသည်။ မီးနေစဉ် ဆားမီးဖုတ်နှင့်သာ ထမင်းစားရသည်။ မီးနေဆေးများ စားကြသည်။ တစ်လလုံးရေအေးရှောင်ကြသည်။

ညအချိန်ရေမချိုးရ၊ အချဉ်၊ အစပ်များမစားရ၊ ချင်း၊ အရက်နှင့် ဆားမီးဖုတ်တို့ကိုသာ ဆေးဝါးအဖြစ် သုံးဆောင်ကြသည်။ မီးနေချိန်နှင့် မီးဖွားချိန်တွင် ဆေးစိမ်အရက်တစ်မျိုးကို သောက်ကြသည်။ ငှက်သိုက်၊ ငါးကြီးဆီစသော အားရှိသည့်အစာများကိုလည်း စားစေသည်။ ဆေးများနှင့်ပေါင်းထားသော ရေနွေးငွေ့ပေါင်းအိုးနှင့် ချွေးအောင်းပေးရသည်။ ကြက်ဥ၊ ကြက်သားတို့ကို ငရုတ်ကောင်းနှင့် ပြုတ်စားကြသည်။

### ရှမ်းရိုးရာဆေးဝါးများ

ယာဉ်အမှတ် 53W/ 49445 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် ၇/လပတ(နိုင်)၁၀၀၁၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက် မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 52W/ 67642 Honda CBR 150 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသူ ၁၄/ဟသတ(နိုင်)၂၈၁၇၄၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## အမည်ပြောင်း

ဦးလှဌေးအောင်၏ သမီး ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန် (တ)မြို့၊ အမက(၂)၊ ပထမတန်းမှ မဖွေးဖွေးပြည့်စုံအား ယနေ့မှစ၍ မရွှေရတီအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မရွှေရတီအောင်**

## ဖခင်အမည်မှန်

လွိုင်လင်မြို့၊ အထက(၃)၊ Grade-7(B)မှ မောင်ထက်မြတ်လင်း၏ ဖခင်အမည်မှန်မှာ ဦးစိုးခိုင် ၅/ရဘန(နိုင်) ၁၃၃၆၆၇ ဖြစ်ပါကြောင်း။

**ဦးစိုးခိုင်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၇)၊ မြေတိုင်း (၇/၃)၊ ဦးပိုင်အမှတ်(၁၄၇)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက အကျယ်အဝန်းရှိ မြေကွက်ကို ဦးနောင်နောင်ဝင်းက ပိုင်ဆိုင်ကြောင်း အဆိုပြု၍ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆိုပါမြေကွက်ကို ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်သူ ဒေါ်တင်တင်သိန်း ၇/ပခန(နိုင်)၀၀၀၈၄၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကျော်လင်း**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၉၈၈၀/၂၉-၄-၂၀၁၄**
**ဖုန်း ၀၉-၄၂၈၁၆၂၅၄၁**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ ဘောဂလမ်း၊ အမှတ် (၂၃)တွင် နေထိုင်သူ ဒေါ်အိဖြူစင် ၁၂/ရကန(နိုင်)၀၀၂၁၈၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ -

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ (၆၉) ရပ်ကွက်၊ မြေကွက်အမှတ် (၁၉၀၅)၊ ဒေါ်ခင်သိန်းရီ (B/RGN-014147) အမည်ပေါက် ပေ (၄၀x၆၀) ရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်အဆက်ဆက်ဖြင့် လက်ရှိထားပိုင်ဆိုင်သူ ဒေါ်သီတာထွန်း ၁၂ / ကတတ(နိုင်)၀၂၁၇၄၄ ထံမှ ဒေါ်အိဖြူစင်က ၁၀-၅-၂၀၁၅ ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရောက်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါမြေကွက်အား မည်သူမျှ ထပ်မံရောင်းချခြင်း၊ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်းများ မပြုလုပ်ရန် အများသိစေရန် ကြော်ငြာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဇော်ဇော်ဖြိုးအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၉၀၀၃)**
**အမှတ်(၂၀)၊ ဗောဂလမ်း၊ အမှုထမ်းရပ်ကွက်၊ သန်လျင်မြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေးမြောက်၊ လူနေရပ်ကွက်အမှတ်-မြယမုံအိမ်ရာ၊ မြေကွက်အမှတ် (၇၆/၇)၊ အကျယ်အဝန်း (၃၉'. ၄၁'၆"x ၅၀'၆"၅၉'၆")၊ (၂၃၆၃)စတုရန်းပေ၊ ဧက ၀ ဒသမ ၀၅၄၊ နှစ်(၆၀) ဂရန်မြေအမည်ပေါက် ဒေါ်တင်ချိုလတ် ၁၂/ဒဂန (နိုင်)၀၁၉၉၄၇၊ မြယမုံ (၈)လမ်း၊ အိမ်အမှတ်-၆ ဟုခေါ်တွင်သည့် မြေကွက်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အားလုံးကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လက်ရောက် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါအိမ်မြေဂရန်ဥပစာနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စန္ဒာထွန်း LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၇၂)**
**အမှတ် (၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၀၄၄၈၅၉၉**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂ )
## တွံတေးခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၁၄နှင့် ဆက်နွယ်သည့်
## ၂၀၂၂ခုနှစ်၊ တရားမဇာရီမှုအမှတ်-၄၄

| | | |
|---|---|---|
| ဒေါ်ဂျမီလာ | နှင့် | ဒေါ်ခင်မာချို |
| တရားနိုင် | | တရားရှုံး |

အမှတ် ၈/၁၃၊ ခိုင်ရွှေဝါလမ်းသွယ်၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့နေ ဒေါ်ခင်မာချို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်-၇၁၄တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၁၃ ရက် (၁၃၈၄ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ခုနှစ် ဒီဇင်ဘာ ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သန်းဇော်ဦး)**
**တွဲဖက်ခရိုင်တရားသူကြီး**
**တွံတေးခရိုင်တရားရုံး**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရှိ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | (၆၆၀)လီတာပလတ်စတစ်အမှိုက်ပုံး | ၇၀၀ ပုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၆-၁၂-၂၀၂၂ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၆-၁၂-၂၀၂၂ ရက်၊ ၁၂:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်) ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။

အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## တရားမပထမအယူခံမှုကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်ထံသို့ ကြားသိစေသည့် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄ )
## ကရင်ပြည်နယ်တရားလွှတ်တော်
## ၂၀၂၂ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်-၁၀

| | | |
|---|---|---|
| ဒေါ်မယ်လမု | နှင့် | ၁။ ဒေါ်မိခိုင်ခိုင်မွန် (ကိုယ်တိုင်နှင့်မူလရုံးအမှတ်(၃)(၄) တို့၏အခွင့်ရကိုယ်စားလှယ်) |
| | | ၂။ ဦးကျော်လှိုင် |
| | | ၃။ ဒေါ်သောင်းရင် |
| | | ၄။ ဒေါ်မချို |
| | | ၅။ ဒေါ်မိပုလဲမြင့် |
| | | ၆။ မင်းပုလင်းစိန် |
| | | ၇။ ဒေါ်အေးအေးခိုင် |
| | | ၈။ ဒေါ်သီတာဝင်း |
| အယူခံတရားလို | | အယူခံတရားပြိုင်များ |

၂၀၂၁ခုနှစ်၊ ဧပြီ ၆ ရက်စွဲပါ ဘားအံခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၃၂/၂၀၁၉မှ စီရင်ချက်နှင့်ဒီကရီကို အယူခံမှု။

အယူခံတရားပြိုင် (၅)ဒေါ်မိပုလဲမြင့်၊ ကမ်းနားလမ်း၊ သရက်တောအလယ်ပိုင်း၊ သရက်တောအနောက်ဘက်ခြမ်းကျေးရွာအုပ်စု၊ ကော့ကရိတ်မြို့နယ်၊ (၆) မင်းပုလင်းစိန်၊ ကမ်းနားလမ်း၊ သရက်တောအလယ်ပိုင်း၊ သရက်တောအနောက်ဘက်ခြမ်းကျေးရွာအုပ်စု၊ ကော့ကရိတ်မြို့နယ်၊ (၇) ဒေါ်အေးအေးခိုင်၊ ကမ်းနားလမ်း၊ ခရစ်ကျောက်တန်းကျေးရွာအလယ်ပိုင်း၊ ခရစ်ကျောက်တန်း ကျေးရွာအုပ်စု၊ ကော့ကရိတ်မြို့နယ်နှင့် (၈) ဒေါ်သီတာဝင်း၊ ကမ်းနားလမ်း၊ ခရစ်ကျောက်တန်းကျေးရွာအလယ်ပိုင်း၊ ခရစ်ကျောက်တန်းကျေးရွာအုပ်စု၊ ကော့ကရိတ်မြို့နယ် (ယခုနေရပ်လိပ်စာမသိသူများ) သိရှိစေရမည်။

ယခုအမှုတွင် ဘားအံခရိုင်တရားရုံးတော်က ချပေးသည့်ဒီကရီကို အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ဤအယူခံမှုကို ၂၀၂၂ခုနှစ် ဒီဇင်ဘာ ၁၅ရက် (၁၃၈၄ခုနှစ် နတ်တော်လပြည့်ကျော် ၈ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေကဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့်၄၁၊ နည်းဥပဒေ ၂၂အရ ချိန်းဆိုထားသည့် အချိန်အတွင်း သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၂ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်ကျော်သူ)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ကရင်ပြည်နယ်တရားလွှတ်တော်**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊မြေတိုင်း - ၈ /၁၃၊ ၄-ရပ်ကွက်၊ နွယ်သာကီ-၁လမ်း၊အကွက်အမှတ်-၁၂၃ ၊(၆၀x ၆၀)ပေ ရှိသော ဦးလှသိန်း(ခ) ဝေါင်လောရှင် အမည်ပေါက် နှစ်-၆၀ဂရန်မြေကွက်နှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ဖြင့် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးလှသိန်း(ခ)ဝေါင်လောရှင် ၁၂/လမတ(နိုင်)၀၃၁၅၀၆ ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်စုစုငြိမ်း ၁၂/ဥကတ(နိုင်)၀၈၁၄၈၁ က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံပြည့်စုံသော စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်များအရ -**
**ဒေါ်သင်းသင်းမော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၆၈)**
**အမှတ်(၂၅၉/ခ)၊ရွှေဘုန်းရှိန်လမ်း၊၅-ရပ်ကွက်၊ရွှေပြည်သာမြို့နယ်**
**ဖုန်း-၀၉-၄၂၀၇၄၅၈၈၂**

## အမွေပြတ်စွန့်လွှတ်ခြင်း

ဆိပ်ကြီးခနောင်တိုမြို့နယ်၊ခနောင်တိုအရှေ့ရပ်ကွက်၊ဘုရားလမ်းနေ (ဦးတင်အောင်မြင့်) - ဒေါ်လင်းလင်းယုတို့၏သား မောင်အောင်ဖြိုးမြင့် ၁၂/ဆကခ (နိုင်)၀၁၇၁၇၂သည် မိခင်စိတ်ဆင်းရဲအောင်အမျိုးမျိုးပြောဆိုပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်လင်းလင်းယု** | **ဦးဇော်မင်းထွဋ်** |
| **၁၂/ဆကခ (နိုင်) ၀၀၉၈၅၁** | **အထက်တန်းရှေ့နေ** |
| | **(စဉ် - ၅၀၅၇၈)** |

**အမှတ်-၁၂၄၊ ၁၈ လမ်း၊ (၂)ရပ်ကွက်၊ လသာမြို့နယ်**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
## မြစ်ကြီးနားခရိုင်တရားရုံးတော်
## ၂၀၂၂ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၄

**ကွယ်လွန်သူ ဦးကရိုင်ယာကု(ခ)ဦးကေယာကု(ခ)ဦးကရင်ယာကု၏ ကျန်ရှိရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။**

မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ နယ်မြေ(၈)၊ အိမ်အမှတ်(၃၃၅)၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးကရိုင်ယာကု (ခ) ဦးကေယာကု (ခ) ဦးကရင်ယာကု၏ သေတမ်းစာအတည်ပြုသည့် လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးမုန်မိုင်နော်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ခုနှစ် ဇန်နဝါရီ ၆ရက် (၁၃၈၄ ခုနှစ် ပြာသိုလပြည့်ကျော် ၁ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးကရိုင်ယာကု(ခ)ဦးကေယာကု(ခ)ဦးကရင်ယာကု၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၃ခုနှစ် ဇန်နဝါရီ ၆ ရက် (၁၃၈၄ခုနှစ် ပြာသိုလပြည့်ကျော် ၁ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာအတည်ပြုချက်လက်မှတ် မထုတ်မပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးမုန်မိုင်နော်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ခုနှစ် ဒီဇင်ဘာလ ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချစ်ကိုကို)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မြစ်ကြီးနားခရိုင်တရားရုံး**

## အများသိစေရန်ကြေညာချက်

၁။ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၉၆၂)၊ အမှတ်(၉၆၂)တွင် (၂)ခန်းတွဲ (၈)ထပ်တိုက် (Lift ၁ စီးပါ) (Pitch Roof) အဆောက်အဦဆောက်လုပ်ခွင့်အား မြေရှင်ဦးဝင်းမောင်၊ မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာ ဦးအောင်ကျော်ငြိမ်း (RSE-363)၊ လိုင်စင်ရကန်ထရိုက်တာ ဦးသန်းဌေး (LC-721)သို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၏ ၁၂-၁၂-၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၃၅၇/ ၃၅၈/ စည်ပင်-ယာ(အံ့)ဖြင့် ဆောက်လုပ်ခွင့်ပြုထားပြီးဖြစ်ပါသည်။

၂။ ယခုအခါအဆိုပါ (၂)ခန်းတွဲ (၈)ထပ်တိုက် (Lift ၁ စီးပါ) (Pitch Roof) အဆောက်အဦဆောက်လုပ်ခွင့်ပြုမိန့်အား ပယ်ဖျက်ပေးပါရန် မြေရှင်၊ မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာနှင့်လိုင်စင်ရကန်ထရိုက်တာတို့မှ အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိ အလယ်ရပ်၊ မြေဧရိယာ ၀ ဒသမ ၁၂၂၉ဧက၊ မြေကွက်အမှတ် (ဥ-၅၄၀၁) ဦးစိုင်းတစ်အောင်(ဘ)ဦးဟိုရီ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးရဲနိုင်သိန်း ၈/ပခက(နိုင်)၀၃၇၃၈၅ (ဘ)ဦးဘိုသိန်း မှကျိုင်းတုံမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၂/၂၀၂၂(၁၁-၂-၂၀၂၂) တင်ပြ၍ ဒေါ်လှယဉ်ဇ ၁၂/မဂတ(နိုင်)၀၀၂၄၅၆ (ဘ) ဦးသိန်းတန် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၂ခ)၊ ဦးပိုင်အမှတ် (၂၈/က)၊ မြေဧရိယာ ၀ ဒသမ ၀၇၈ ဧကရှိမြေကွက်သည် မူလက ဒေါ်လုဆိုင်အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၃၂၅(၃) ၂၀၂၀-၂၀၂၁ အရ ၁-၉-၂၀၅၁ ရက်ထိ နှစ် (၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဒေါ်လုဆိုင်က၂၅-၁၀-၂၀၂၂ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၃၉၀/၂၀၂၂) အရ ဒေါ်ဂျာဘောက် ၁/မညန(နိုင်)၀၀၁၅၁၁ ထံသို့အပြီးအပိုင် ရောင်းချပေးခဲ့ပါသဖြင့် ယခုအခါ ဒေါ်ဂျာဘောက်အမည်ဖြင့် (အမည်ပြောင်း) မြေငှားဂရန် လျှောက်ထားမှုအပေါ်ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့်ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအားလုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## လေလံလျှောက်လွှာခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါမြို့နယ်များမှ မြေနှင့် အဆောက်အအုံများအား လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) မကွေးမြို့၊ မြင်သာရပ်ကွက်၊ နတ်မောက်လမ်းရှိ မြေ ၃ ဒသမ ၆၉ ဧက၊ ၎င်းမြေပေါ်ရှိ(၆၀'x၃၀'x၁၃')၊ (၆၀'x၃၀'x၁၃')၊ (၆၀'x၂၅'x၁၃')၊ (၆၀'x၄၅'x၁၃') အဆောက်အအုံ (၄)လုံး၊ (၆") အဝီစိတွင်းနှင့် (၂၁'x၁၁'x၆')ရေလှောင်ကန်၊ဆက်သွယ်ရန်ဖုန်း-၀၉-၆၈၀၉၂၂၄၅၈

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ (၄၀'x၂၀'x၁၆') အောင်မင်္ဂလာအဝေးပြေးကားဂိတ်အခန်း၊ ဆက်သွယ်ရန်ဖုန်း-၀၉-၉၅၆၄၄၆၇၉၀

(ဂ) မကွေးမြို့၊ ရန်ဝေးရပ်ကွက်၊ ခေတ္တာလမ်း၊ အမှတ်(ခဂ-၄)ရှိ (၂၄'x ၂၀'x၁၂')မကွေးကားဂိတ်အခန်း၊ ဆက်သွယ်ရန်ဖုန်း-၀၉-၉၅၆၄၄၆၇၉၀

(ဃ) နတ်မောက်မြို့၊ တမာပင်ရပ်ကွက်၊ကန်ကြီးအောက်လမ်း၊ မြေကွက်အမှတ်(၂-ခ) ၁ ဒသမ ၃၆၈ဧကနှင့် ၎င်းမြေပေါ်ရှိ (၉၀'x၆၀'x၁၈') (၁၂၅'x၆၅'x၂၄') အဆောက်အအုံ နှစ်လုံး၊ ဆက်သွယ်ရန်ဖုန်း-၀၉-၆၉၇၀၀၅၃၁၀၊ ၀၉-၆၉၅၁၅၀၆၀၆

(င) မြို့သစ်မြို့၊ ဘုရားကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၇)၊ ဦးပိုင်အမှတ် (F-၃၆)၊ မြေ ၀ ဒသမ ၉၅၀ဧကနှင့် ၎င်းမြေပေါ်ရှိ ( ၁၀၀'x၂၄'x၁၃')၊ (၄၀'x၂၀'x၁၈') အဆောက်အအုံ (၂)လုံး၊ ဆက်သွယ်ရန်ဖုန်း-၀၉-၆၉၁၇၉၃၅၈၈

(စ) စလင်းမြို့၊ သီရိမင်္ဂလာရပ်ကွက်(မြောက်ပိုင်း)ရှိ အိမ်ဝိုင်းမြေ ၀ ဒသမ ၀၈၂ဧကနှင့် မြေမိရပ်ကွက်၊ ကွင်းအမှတ်(၄၉၀/ပုထိုးဖြူ)၊ မြေ ၀ ဒသမ ၁၁၀ဧကနှင့် ( ၈၀'x၂၀'x၂၂')အဆောက်အအုံ(၁)လုံး၊ ဆက်သွယ်ရန်ဖုန်း-၀၉-၆၅၂၂၈၁၀၉၅

(ဆ) ငဖဲမြို့၊ ပဒါန်းကျေးရွာအုပ်စု၊ အမှတ်(၁၄)၊ ကွင်းအမှတ်(၁၀၉၈-ခ)၊ ဦးပိုင်အမှတ်(၄၁၇)၊ မြေ ၀ ဒသမ ၉၄၈ဧက၊ ဆက်သွယ်ရန်ဖုန်း-၀၉- ၉၇၉၉၂၇၁၁၅

(ဇ) ဆင်ပေါင်ဝဲမြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်းအမှတ်၃(ခ)၊ ဦးပိုင်အမှတ်(၉)၊ မြေ ၂ ဒသမ ၅၂ဧကနှင့် (၂၇'x၁၈'x၁၁')၊ (၄၁'x၁၆'x၁၁') အဆောက်အအုံ (၂)လုံး၊ ဆက်သွယ်ရန်ဖုန်း-၀၉-၆၈၄၅၅၇၉၀၆

| | | |
|---|---|---|
| **လေလံလျှောက်လွှာရောင်းချမည့်ရက်** | - | ၈-၁၂-၂၀၂၂ရက် |
| **လေလံပိတ်သိမ်းမည့်ရက်** | - | ၁၄-၁၂-၂၀၂၂ရက်၊ ညနေ ၁၆:၀၀နာရီထိ |
| **လေလံဖွင့်ဖောက်မည့်ရက်** | - | ၁၅-၁၂-၂၀၂၂ရက်၊ နံနက် (၁၀:၀၀)နာရီ |
| **လေလံလျှောက်လွှာများ ရောင်းချမည့်နေရာ** | - | သက်ဆိုင်ရာမြို့နယ်အလိုက်ဖော်ပြထားသော ဖုန်းနံပါတ်များတွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။ |
| **လေလံလျှောက်လွှာထည့်သွင်း/ ဖွင့်ဖောက်မည့်နေရာ** | - | လျှောက်လွှာဝယ်ယူတင်သွင်းသည့်နေရာများ |

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**
**မကွေးတိုင်းဒေသကြီး၊ မကွေးမြို့**

## စာရင်းရှင်းလင်းဖျက်သိမ်းမှုနှင့်စပ်လျဉ်း၍ နောက်ဆုံးအပြီးသတ် အစည်းအဝေးခေါ်ယူခြင်း

**BROTHER (ASIA) MYANMAR MACHINERY SERVICE CENTER LIMITED**

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၅၇(က) BROTHER (ASIA) MYANMAR MACHINERY SERVICE CENTER LIMITED မှ အစုရှယ်ယာရှင်များ၏ စာရင်းရှင်းလင်းဖျက်သိမ်းမှု အပြီးသတ်အစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အစုရှယ်ယာရှင်များနှင့် အခြားသောသက်ဆိုင်သူများ အားလုံး တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးသို့ ပါဝင်တက်ရောက်မည်ဆိုပါက ဇန်နဝါရီလ (၁) ရက် နောက်ဆုံးထား၍ ဆက်သွယ်အကြောင်းကြားပေးပါရန် လေးစားစွာအသိပေးအပ်ပါသည်။ ထိုအစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီအရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းသွားမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| **အစည်းအဝေးကျင်းပမည့်ရက်** | - | ၆-၁-၂၀၂၃ ရက်၊ (သောကြာနေ့) |
| **အစည်းအဝေးကျင်းပမည့်အချိန်** | - | နံနက် ၁၀နာရီ |
| **အစည်းအဝေးကျင်းပမည့်နေရာ** | - | အမှတ်(၈)၊ ခနသိဒ္ဓိလမ်း၊ ခနသိဒ္ဓိအိမ်ရာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ |

U ZIN WAI — Name.Mr Keisuke Tsutsui
NRC No. 12/MaGaTa(N) 013979 — Director
BROTHER (ASIA) MYANMAR MACHINERY SERVICE CENTER LIMITED

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြင်းခြံမြို့၊ အမှတ်(၁၀)ရပ်ကွက်၊ အကွက်အမှတ်(၁၆)၊ ကွေ့ကြီးအရှေ့၊ ဦးပိုင်အမှတ်(၁၄၁)၊ ဧရိယာ ၁ ဒသမ ၇၁၂ ဧကရှိ ဒေါ်ခိုင်ခိုင်ထွန်း အမည်ပေါက်ဘိုးဘွားပိုင်မြေကွက်ထဲမှ ခွဲစိတ်ဝယ်ယူမည်ဖြစ်သဖြင့် စရန်ငွေပေးချေထားပြီးဖြစ်သောကြောင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ယနေ့မှစ၍ ရက်ပေါင်း၂၀ အတွင်း မည်သူမဆို အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိုင်းအောင်ဝင်းမောင်**
**၁၂/လမန(နိုင်)၁၁၄၂၉၄**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8F/3893 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/6077 ယာဉ်လက်ဝယ်ရှိသူ ဦးညီညီအောင် ၈/ပခက(နိုင်)၂၅၅၇၁၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅၆

၁။ ဒေါ်မြဦး နှင့် ဒေါ်ဝင်းမာ
၂။ ဦးရန်နိုင်ဦး

**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက် (ဖ-၂/၆၅)နေ (ဘ)ဦးလှဖေ၏ သမီးဒေါ်ဝင်းမာ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြဦးနှင့်ဦးရန်နိုင်ဦးတို့မှ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၂)၊ ဦးပိုင်အမှတ်(၂၇) မြေကွက်၏ တောင်ဘက်ခြမ်း (၃၀x၄၅)ပေ အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ဝင်းမာအမည်ပေါက် နေထိုင်ပိုင်ဆိုင်အသုံးပြုခွင့်ရရှိထားသော ဂရန်မြေကွက်ဖြစ်ပြီး ယင်းမြေကွက်အား ဒေါ်ဝင်းမာမှ ဒေါ်မြဦးနှင့်ဦးရန်နိုင်ဦးတို့သို့ အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုခဲ့ကြခြင်းနှင့်ပတ်သက်၍ အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၄ရက် (၁၃၈၄ခုနှစ် နတ်တော်လပြည့်ကျော် ၇ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူတရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တိုးထက်ဝတီ)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ အောင်ချမ်းသာအိမ်ရာ၊ ပူးပေါင်းအဆောက်အအုံ၊ တိုက်အမှတ်(၇)၊ ဒုတိယထပ် (၃လွှာ)၊ အခန်းအမှတ်(၂၀၄)သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်မြို့၏စာအရ အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးကျော်ဇံ ၁၂/ဗဟန (နိုင်)၁၃၄၇၃၆က ပိုင်ဆိုင်ပြီး ယခုအခါ ယင်းပိုင်ဆိုင်မှုတိုက်ခန်းကို ဝယ်ယူသူသို့ ရောင်းချပစ္စည်းလွှဲပြောင်းပေးထားပြီးဖြစ်ပြီး ရောင်းချရရှိသော တန်ဖိုးငွေကို ကျန်းမာရေးအသုံးစရိတ်နှင့် ဘာသာသာသနာတိုးတက်ရေးလုပ်ငန်းရပ်များတွင် ထည့်ဝင်လှူဒါန်းသွားမည်ဖြစ်ကြောင်း မိသားစုဝင်များ ဆွေမျိုးမိတ်သင်္ဂဟအားလုံး သိရှိစေရန်နှင့် သာဓုအနုမောဒနာပြု ခေါ်ဆိုနိုင်စေရန်ရည်ရွယ်၍ အများသိစေရန် ကြေညာအပ်ပါသည်။

ဤကြေညာချက်နှင့်စပ်လျဉ်းပြီး ပြောဆိုမေးမြန်း၊ အကြံပြုလိုပါက ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်တွေ့ဆုံနိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးမြင့်မိုးလှိုင်** | **ဒေါ်စိုးစိုးနိုင်** |
| **B.Sc (Chem;), H.G.P** | **LL.B, D.I.L, WIPO (Switzerland)** |
| **အထက်တန်းရှေ့နေ(စဉ်-၂၁၈၁၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၁၁)** |

**အမှတ်(၃၄၉)၊ မဉ္ဇူလမ်း၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၂၁၀၁၈၀၅၅၊ ၀၉-၆၇၄၈၃၀၀၃၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ဒက္ခိဏသီရိအရှေ့ရပ်၊မြေကွက်အမှတ်(ဒ-၂၀၃၃)၊ မြေဧရိယာ ၀ ဒသမ ၂၂၉ဧကရှိ ဦးအောင်သူရ(ဘ)ဦးကျော်မြင့် ၇/သကန(နိုင်)၀၈၂၉၈၉ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးအောင်သူရထံမှ နေပြည်တော်စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ် (၁၅၁၂/၂၀၂၂)၊ ၆-၁၀-၂၀၂၁ ရရှိထားသူ ဦးစိုးလွင် (ဘ)ဦးဗိုလ်လာ ၁၂/မရက(နိုင်)၀၁၄၅၃၈ မှ ဒေါ်လွဲ့လွဲ့သန်း (ဘ)ဦးသန်းစိန် ၁၄/ဝခမ(နိုင်)၀၁၄၉၀၇ နှင့်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2K/8010 Nissan Wingrood Y 12 Station Wagon (4x2) ယာဉ်လက်ဝယ်ရှိသူ Bliss Myanmar International Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/ 12804 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်း ၉/ပမန(နိုင်)၁၄၅၈၃၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၁၉၁/မမ/CE | **ရွှေညောင်-တောင်ကြီးရထားလမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်း** ရွှေညောင် - တောင်ကြီးရထားလမ်းပိုင်း၊ ထီသိမ်နှင့် ရေထွက်ဦးဘူတာကြား ချိန်းအမှတ် (25+454)Km တွင် (40'x60'x40') Span တံတားအသစ်တည်ဆောက်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - ( ၁၉. ၁၂ . ၂၀၂၂ ) ( ၁၄:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၅ . ၁၂ .၂၀၂၂) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်-

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ ကွင်းအမှတ်(၃၆/၂၊ ဝက်ကုန်းမြောက်ရပ်)၊ ဦးပိုင်အမှတ် (၁၂၀/က-၂၊ ၁၂၀/ခ-၂)၊ မြေဧရိယာ ၀ ဒသမ ၁၈၄ဧကရှိမြေကွက်သည် မူလက ဦးဝေါ်တားအမည်ဖြင့် ၂၉-၉-၂၀၃၆ရက်အထိ မြေငှားဂရန်အမည်ပေါက်သောမြေကွက်ဖြစ်ပြီး မူလဂရန်အမည်ပေါက်သူ ဦးဝေါ်တားထံမှ ဦးပိုင် (၁၂၀/ခ-၂)၊ မြေဧရိယာ ၀ ဒသမ ၀၇၄ဧကအပိုင်းကို ဒေါ်ညိုမြာက ၃၀-၈-၂၀၂၂ ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၃၂၂/၂၀၂၂)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဒေါ်ညိုမြာ ၁/မကန(နိုင်)၂၅၀၈၅၉အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ် (ဒ-၃၀၆၇၂)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ ဦးဝေလင်းထွန်း(ဘ)ဦးသန်းမောင် ၁၂/လသန(နိုင်)၀၂၁၄၈၅ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးဝေလင်းထွန်းထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၈၃၅/၂၀၂၂)၊ ၆-၇-၂၀၂၂ရရှိထားသူ ဦးစိုးလွင် (ဘ)ဦးဗိုလ်လာ ၁၂/မရက(နိုင်)၀၁၄၅၃၈ မှ ဒေါ်လွဲ့လွဲ့သန်း (ဘ)ဦးသန်းစိန် ၁၄/ဝခမ(နိုင်)၀၁၄၉၀၇ နှင့်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့် ခွဲမှုဌာန သို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားမရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၄၀

ဒေါ်မြင့်မြင့်(၎င်း၏အထွေထွေ နှင့် ဦးမြသိန်း
ကိုယ်စားလှယ်စာရသူ ဦးဝေလျှံငွေ)

**တရားလို** **တရားပြိုင်**

ဦးပု၏သားဖြစ်သူ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အ-၁၉/ဦးပိုင်-၁၀နေ ဦးမြသိန်းသိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်မြင့်မြင့် (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးဝေလျှံငွေ)က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ-၁၉)၊ ဦးပိုင်(၄၈)၊ ဧရိယာ ၀ ဒသမ ၀၅၁ ဧကရှိ မြေကွက်အား ဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၆ရက် (၁၃၈၄ ခုနှစ် နတ်တော်လပြည့်ကျော် ၉ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ဇင်ထွန်း)**
**မြို့နယ်တရားသူကြီး**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/6216 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 9Q/8138 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချယ်ရီဝင်း ၉/ပဥလ (နိုင်)၀၄၃၄၃၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဥဇ္ဇနာ(၄)လမ်းနေ ဒေါ်တင်မာရီ ၁၂/ဥကမ(နိုင်)၁၀၃၈၇၃ ၏သား မောင်မင်းချမ်းမြေ့ ၁၂/ဥကမ(နိုင်)၂၅၇၈၁၆ သည် မိခင်ဖြစ်သူကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်မာရီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/ 85160 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးသံလွင်ငွေ ၉/ခမစ(နိုင်)၀၅၈၇၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

# အထူးအစီအစဉ်

## တစ်လ ကျပ်(၁,၁၄၀,၀၀၀/-)ခန့် ပေးသွင်းရုံဖြင့် အဆင့်မြင့်ကွန်ဒိုတစ်ခန်း ရရှိပိုင်ဆိုင်မည်ဖြစ်ကြောင်း

## ရွှေမိုးကောင်းကွန်ဒို မှ

ခရစ်စမတ်ပွဲတော်ကို ကြိုဆိုသောအားဖြင့် (20%) အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါသည်။ ပထမအရစ်ငွေပေးသွင်းပြီး ကျန်ငွေများအား တစ်လ (1,140,000) ခန့် ပေးသွင်းရုံဖြင့် အဆင့်မြင့်ကွန်ဒိုတစ်ခန်း ရရှိပိုင်ဆိုင်မည်ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။
FACILITIES အပြည့်အစုံပါရှိ၍ လူနေထိုင်ခွင့်ကျပြီး
ရန်ကင်းမြို့နယ်၊ အောင်ဇေယျလမ်း နှင့် မိုးကောင်းလမ်းမပေါ်ရှိ
ရွှေမိုးကောင်းကွန်ဒို သို့ အရောက်လှမ်းလာခဲ့ရန် ဖိတ်ခေါ်ပါသည်။
ဆက်သွယ်ရန်ဖုန်း - ၀၉ ၃၆၁၂၈၈၁၄၊ ၀၉ ၃၆၁၂၈၄၈၁






## မိဘအမည်မှန်

ရလက(၃) ဗလတပ်ခွဲမှ မောင်စပြည့်ဖြိုးစွမ်း၏ မိဘအမည်မှန်မှာ ဦးဝင်းမြင့်(ခ) ဦးခင်စွမ်း-ဒေါ်အေးအေးညို ဖြစ်ပါကြောင်း။

## သုမ္မောလမ်းမပေါ် ၂ ထပ်တိုက်ရောင်းမည်

စီးပွားရေးလုပ်ရန်နေရာကောင်း။
မဉ္ဇူကုလာအပိုင်းအနီး။ ဃ-ဈေးရှေ့။
၂ ထပ်တိုက်။ အောက်ထပ် HALL ။
အပေါ်ထပ် MB1, SB1 ။
၂၀ပေ× ၅၀ ပေ (မြေပိုပါ)။
သိန်း (၄၇၀၀) ညှိနှိုင်း ☎ 09 43021001

## မိဘအမည်မှန်

ရလက(၃) ဗလတပ်ခွဲမှ မောင်စိုင်းမြတ်သူ၏ မိဘအမည်မှန်မှာ ဦးငြိမ်း(ခ) ဦးမောင်ငြိမ်း-ဒေါ်နုနုခိုင် ဖြစ်ပါကြောင်း။

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ တိုက်အမှတ် (၄၂)၊ ဖလွှာ ပဉ္စမထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်းရေိယာ (၁၆ပေခွဲx၅၈ပေ)ရှိ ရေမီးစုံ ပါဝင်သော တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထား ပိုင်ဆိုင်၍ လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်စုစုမွန် ၁၂/စခန (နိုင်)၀၄၉၇၄၂ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူများသည် ဝယ်ယူရန်အတွက် သဘောတူညီပြီး ၄-၁၂-၂၀၂၂ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းဆိုင်ရာ စရန်ငွေပေး သဘောတူကတိ စာချုပ်"ကို ချုပ်ဆို၍ အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်း၏ရောင်းဖိုးငွေများအနက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက ခိုင်မာသောပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းများအား ယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အိအိမွန် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၁၇၃/၂၀၁၉)
အမှတ် (၁၆)၊ ပုညဝန္တလမ်း၊တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း -၀၉-၄၂၁၀၂၆၉၀၄

## ဖြည့်စွက်ဖတ်ရှုပါရန်

၄-၁၂-၂၀၂၂ရက်ထုတ်ဤသတင်းစာ၊ စာမျက်နှာ(၂၈) ဦးအောင်ကြိုင် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၄၉) ၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်ကြော်ငြာတွင် ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စများကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်ဟု ဖြည့်စွက်ဖတ်ရှုပါရန်။

## မိဘအမည်မှန်

ရလက(၃) ဗလတပ်ခွဲမှ မောင်ရဲလင်းထွန်း၏ မိဘအမည်မှန်မှာ ဦးအိုက်ပန်း(ခ) ဦးစိုင်းပန်-ဒေါ်ခမ်းစိန် ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(၁၈/ပြည်တော်သာရပ်)၊ ဦးပိုင်အမှတ်(၁၇)ရေိယာ ၁ဒသမ၃၀၅ဧကေ၊ ၁၀၂-၅/၂၀၀၅-၂၀၀၆(အေ)ဖြင့် ဒေါ်စဝ်ကြည်စိန်မှ အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်အား ဒေါ်စဝ်ကြည်စိန် ၁၃/တကန(နိုင်) ၀၁၆၅၉၈မှ ရောင်းဝယ်စာချုပ်(၄၇၇၊/၂၀၂၂)ဖြင့် ဦးဝင်းထွန်း ၉/ခမစ(နိုင်) ၀၄၇၅၄၂ထံ ရောင်းချပေးပြီးဖြစ်၍ အမည်ပြောင်း လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့

## ကန့်ကွက်နိုင်ပါသည်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ကန်ပြားကျေးရွာအုပ်စုရှိ ဒေါ်တင်တင် (ကွယ်လွန်) တရားဝင်ပိုင်ဆိုင်သော ကွင်းအမှတ်(၁၆၁၁-ဂ)၊ ဦးပိုင်အမှတ်(၇/၁)၊ ဧရိယာ ၂ဒသမ ၁၈ဧက လယ်ယာမြေ လုပ်ပိုင်ခွင့်သက်သေခံစာအုပ် ပျောက်ဆုံးသွားပါသဖြင့် သမီးဖြစ်သူ ဒေါ်အေးနွယ်၈/မကန(နိုင်)၀၃၂၃၉၁မှ ဒုတိယမူရင်း မိတ္တူမှန်စာအုပ်အသစ် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
ကန်ပြားအုပ်စု၊ မကွေးမြို့နယ်

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၉၈)၊ ဧရိယာ ၀ ဒသမ ၉၁၈ဧက၊ ၁၈၇-၅/၂၀၁၅-၁၆(A)ဖြင့် ဦးသိန်းလွင်မှ အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်အား ဦးသိန်းလွင်မှ ရောင်း/ဝယ်စာချုပ်(၃၅၃၊/၂၀၂၂)ဖြင့် Denko Trading Co;ltd၊ ဥက္ကဋ္ဌဦးချစ်ခိုင် ၁၂/အစန(နိုင်)၀၇၈၂၆၃ထံ ရောင်းချပေးပြီးဖြစ်၍ Denko Trading Co;ltd၊ ဥက္ကဋ္ဌဦးချစ်ခိုင်၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးလှမင်းသိမ်း ၁၂/မရက(နိုင်)၁၂၆၆၄၆ မှ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
လားရှိုးမြို့

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(၁+၇+၈ကျောက်တောင်တိုးချဲ့)၊ ဦးပိုင်အမှတ်(၁၄၉)၊ ဧရိယာ ၀ ဒသမ ၀၉၆ဧက၊ ၁၀၀၅- ၅ /၁၉၉၅-၉၆(စီ) ဖြင့် ဒေါ်ရီရီမြင့်မှ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ၎င်း၏ ကိုယ်စားလှယ်လွှဲအပ်ခြင်း ခံရသူ ဒေါ်အိအိမြိုင် ၁၃/လရန(နိုင်)၀၁၃၈၃၄ မှ ရောင်း/ဝယ်စာချုပ် (၂၅၇၊/၂၀၁၀) ဖြင့် ဒေါ်ဆိုင်းနန် ၁/မညန(နိုင်) ၁၁၈၇၁၇ ထံ ရောင်းချပေးပြီးဖြစ်၍ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
လားရှိုးမြို့

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ အကွက်အမှတ်(၁၁/က၊ လွယ်ကန်မိန်း)၊ ဦးပိုင်အမှတ်(၄၁)၊ ဧရိယာ ၀ ဒသမ ၁၀၃ဧက ဦးမရန်ခမ်း အမည်ပေါက် အမှုတွဲအမှတ် ၁၀၀-၅/၁၉၇၂-၇၃(အေ)အား ဦးဖူကွယ်ချန်မှ ဝယ်ယူပြီးဖြစ်၍ ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း ၂၀ အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ကျော်လွန်ပါက လျှောက်ထားသူသို့ မြေငှားဂရန်ထုတ်ပေးနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လားရှိုးခရိုင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း(ပြီး)

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ အကွက်အမှတ်(၂၃)၊ ဦးပိုင်အမှတ်(၂၂/ခ)၊ ဧရိယာ ၀ ဒသမ ၀၇၂ဧက ဒေါ်ခင်မေအုန်း အမည်ပေါက် မြေဂရန်အမှတ် ၇၁၈-၅/၁၉၉၀-၉၁(အေ)သည် နေအိမ်မီးလောင်ရာတွင် မီးလောင်ပျက်စီးသွားသဖြင့် မိတ္တူမှန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း ၂၀အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ကျော်လွန်ပါက လျှောက်ထားသူသို့ မိတ္တူမှန် ထုတ်ပေးနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လားရှိုးခရိုင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၂၄၂၄) ၊ ဧရိယာ ၀ ဒသမ ၀၉၆ဧက ၅၅၀-၅/၂၀၁၀-၂၀၁၁(စီ)ဖြင့် ဦးခင်မောင်မိုးမှ အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်အား ၎င်း၏ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းခင်မိုးနှောင်း ၁၃/တကန(နိုင်)၂၀၁၅၄၆မှ ရောင်းဝယ် စာချုပ်(၄၆၁၊/၂၀၂၂)ဖြင့် ဦးကျော်ကျော် ၉/မသန(နိုင်)၀၉၅၂၅၅ ထံ ရောင်းချပေးပြီးဖြစ်၍ အမည်ပြောင်း ထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေ
အုပ်ချုပ်ရေးဦးစီးဌာန၊လားရှိုးမြို့

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကျော်လွင် ၈/နမန(နိုင်)၁၆၅၆၁၁ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၈၈၆၆၆၂၆

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ထက်နိုင်ဇော် ၈/နမန(နိုင်)၂၃၈၉၈၈ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၈၈၆၆၆၂၆

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကျော်စွာခိုင် ၈/နမန(နိုင်)၂၃၈၁၀၉ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၈၈၆၆၆၂၆

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်သက်ကိုဦး ၈/ရနခ(နိုင်)၁၀၉၈၇၉၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၈၈၆၆၆၂၆

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ပတ်စ်ပို့ပျောက်

ဦးဒါန်းဗဟာဒူး-ဒေါ်ဘာရာသီး တို့၏သမီး ကျွန်မ ဆုစန္ဒာဝင်း၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၀၀၃၆၂၈၈

## အမည်ပြောင်း

ကျုံပျော်ခရိုင် ရေကြည်မြို့နယ် အမက ဘုရားကြီးကုန်း Grade-5မှ (ဘ)ဦးသန်းနိုင်ဦး၏ သား မောင်ဟိန်းဝေလွင်အား မောင်စည်သူလင်းထွဋ်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်စည်သူလင်းထွဋ်

❖ လူသားအရင်းအမြစ် လိုအပ်ချက်နှင့် ပတ်သက်၍ အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များရှိမှသာ အရည်အသွေးရှိသည့် လုပ်သားအင်အားများ ရရှိနိုင်မည်ဖြစ်သဖြင့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာစေရေး အားပေးဆောင်ရွက်ရမည်ဖြစ်...

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၂) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



နိုဝင်ဘာ ၂၉ ရက်က မြန်မာအသင်းနှင့် ချောင်ဘူရီအသင်း ခြေစမ်းကစားစဉ်။ ဓာတ်ပုံ-MFF

## ထိုင်းလက်ရွေးစင်အသင်း၊ ထိုင်းကလပ်တို့နှင့် မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းမည်

ရန်ကုန် ဒီဇင်ဘာ ၅

၂၀၂၂ AFF Cup ပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံ၌ လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ထိုင်းလက်ရွေးစင်အသင်း၊ ထိုင်းကလပ်တို့နှင့် ခြေစမ်းပွဲ ထပ်မံကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် နိုဝင်ဘာ ၂၈ ရက်ကတည်းက ထိုင်းနိုင်ငံ၌ လေ့ကျင့်လျက်ရှိပြီး နိုဝင်ဘာ ၂၉ ရက်တွင် ပထမဆုံးခြေစမ်းပွဲအဖြစ် ထိုင်းကလပ် ချောင်ဘူရီအသင်းနှင့် ယှဉ်ပြိုင်ကစားရာ လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဒီဇင်ဘာ ၇ ရက်တွင် ထိုင်းကလပ် ဆာမတ်ပရာကန်အသင်း၊ ဒီဇင်ဘာ ၁၁ ရက်တွင် ထိုင်းလက်ရွေးစင်အသင်းတို့နှင့်

*စာမျက်နှာ ၆ ကော်လံ ၁* ❖

## ဆီနီဂေါကို ဂိုးပြတ်အနိုင်ယူကာ အင်္ဂလန်အသင်း ကွာတားဖိုင်နယ်တက်

ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ဖလား ၁၆ သင်းအဆင့်မှ အင်္ဂလန်နှင့် ဆီနီဂေါအသင်းတို့ ပွဲစဉ်တွင် အင်္ဂလန်အသင်း သုံးဂိုးပြတ်အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ ထိုက်ထိုက်တန်တန်တက်လှမ်းနိုင်ခဲ့သည်။

ဆီနီဂေါအသင်းသည် အင်္ဂလန်အသင်းကို မိနစ် ၃၀ ကျော်အထိသာ သွင်းဂိုးမပေးရအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ပွဲချိန် ၃၈ မိနစ်တွင် အင်္ဂလန်အသင်း အဖွင့်ဂိုးရရှိခဲ့ပြီး ဟန်ဒါဆင်က သွင်းယူပေးခဲ့သည်။ ထို့အပြင် ပထမပိုင်းပွဲချိန်ပြည့်ခါနီးတွင် အင်္ဂလန်အသင်း ဒုတိယဂိုးရရှိခဲ့ပြီး ဖိုဒင်၏ ဖန်တီးပေးမှုမှ တိုက်စစ်မှူး ဟယ်ရီကိန်းက သွင်းယူပေးနိုင်ခဲ့သည်။ အဆိုပါ သွင်းဂိုးကြောင့် ဟယ်ရီကိန်းသည် အင်္ဂလန်အသင်းအတွက် သွင်းဂိုးအများဆုံးဖြင့် စံချိန်တင်ထားသည့် ဝိန်းရွန်းနေ၏ ၅၃ ဂိုး စံချိန်ကို လိုက်မီရန် တစ်ဂိုးသာ လိုအပ်တော့သည်။

*စာမျက်နှာ ၁၈ ကော်လံ ၅* ❍



## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

ရန်ကုန် ဒီဇင်ဘာ ၅

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဒီဇင်ဘာ ၆ ရက်တွင် မုန်တိုင်းငယ်အဖြစ်သို့ လည်းကောင်း၊ ဒီဇင်ဘာ ၈ ရက်တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း ပိုမိုအားကောင်းလာနိုင်ကာ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း (အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း-ပူဒူချယ်ရီနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေအနီး)သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

### ယနေ့ သတင်းအညွှန်း

အင်ဒိုနီးရှား၌ ဆီမီရူမီးတောင်ပေါက်ကွဲမှုကြောင့် လူပေါင်း နှစ်ထောင် နေအိမ်စွန့်ခွာထွက်ပြေးခဲ့ရ — နိုင်ငံတကာသတင်း စာ ၁၃

ကမ္ဘာ့ရှားပါးဆောင်းခိုငှက်နှင့် ရေပျော်ငှက်မျိုးစိတ် အကောင်ရေ နှစ်သောင်းနီးပါး လာရောက်ကျက်စားလျက်ရှိသည့် အင်းတော်ကြီး ရမ်ဆာရေဝပ်ဒေသ — ဇီဝစုံလင်သဘာဝဝန်းကျင် စာ ၁၆